# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၆၈)


## ဂေါက်သီးရိုက်ပြိုင်ပွဲ ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒီဇင်ဘာ ၄ ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)





# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး

**ရန်ကုန် ဒီဇင်ဘာ ၆**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာ၄ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ရောက်ရှိလာပြီး ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၃* ●



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်။

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဘောင်ညံဗိုရာချစ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်

**ရန်ကုန် ဒီဇင်ဘာ ၆**

မစ္စတာဘောင်ညံဗိုရာချစ်သည် ၁၉၃၇ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် လာအိုနိုင်ငံ ဆာဗာနာကက်ပြည်နယ် သာပန်သောင်ခရိုင်အတွင်းရှိ "န"ဟု ခေါ်တွင်သောရွာတွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၅၂ ခုနှစ်မှစ၍ တော်လှန်ရေးလှုပ်ရှားမှုတွင်ပါဝင်ခဲ့ပြီး ဆာဗာနာကက်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့၏ ဝါဒဖြန့်စည်းရုံးရေးယူနစ်တွင် ပါဝင်လှုပ်ရှား ခဲ့ပါသည်။ ၎င်းသည် ၁၉၅၄ခုနှစ်တွင် ဟွာဖန်ပြည်နယ်ရှိ အမှတ်(၆၀၅) တပ်ရင်း၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ပါသက်လာအိုတပ်ဖွဲ့၏ လွတ်မြောက်ပြီး ပြည်နယ်နှစ်ခုကို ကာကွယ်သည့်တပ်ဖွဲ့တွင်ပါဝင်ခဲ့ပါသည်။ ၁၉၅၇ခုနှစ်တွင် ၎င်းသည် ဗီယက်နမ်နိုင်ငံသို့သွားရောက်၍ ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၀ ခုနှစ်တွင် ပါသက်လာအိုတပ်ဖွဲ့၏ အမှတ်(၁)တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၂ခုနှစ်တွင် လွမ်နမ်သာပြည်နယ် လွတ်မြောက်ရေးအတွက် ကွပ်ကဲရေးကော်မတီမှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ပါသည်။ လွမ်နမ်သာပြည်နယ် လွတ်မြောက်ပြီးနောက် ၎င်းသည် ဗီယက်နမ်နိုင်ငံရှိ စစ်တက္ကသိုလ်သို့သွားရောက်၍ ပညာဆည်းပူးခဲ့ပါသည်။

၁၉၆၄ခုနှစ်တွင် ၎င်းသည် အမှတ်(၆၁၃)တပ်ရင်း၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၉ခုနှစ်တွင် ဇင်ခေါင်ပြည်နယ် စည်းရုံးရေးကော်မတီအကြီးအကဲ ဖြစ်လာခဲ့ပါသည်။ ၁၉၇၂ခုနှစ်တွင် လွမ်ပရာဘန်ပြည်နယ်မြောက်ပိုင်း တပ်ဦး၏ ဒုတိယအကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ထို့နောက် လွမ်ပရာဘန်ပြည်နယ်ရှိ ညွန့်ပေါင်းအဖွဲ့သို့ဝင်ရောက်ခဲ့ပြီး ၁၉၇၄ခုနှစ်တွင် ကြားနေလွမ်ပရာဘန်မြို့ကာကွယ်ရေးတပ်ဖွဲ့၏ ပါတီအတွင်းရေးမှူး ဖြစ်လာခဲ့ပါသည်။ ၁၉၇၅ ခုနှစ်တွင် ၎င်းသည် မြောက်ပိုင်းလက်နက်ကိုင်တပ်ဖွဲ့၏ နိုင်ငံရေးရာအကြီးအကဲ ပါတီအတွင်းရေးမှူးဖြစ်လာခဲ့ပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ■

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

7-12 (01).p65 1 3/27/05, 8:29 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

# နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်နှင့်လက်တွဲဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစွာတည်ဆောက်ခဲ့သည်။ ထို့နောက် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာကာ နိုင်ငံတော်နှင့်တိုင်းရင်းသားအဖွဲ့အစည်းများ လက်တွဲပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့နေရပြီဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို ဘက်စုံ၊ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရင်း တိုင်းရင်းသားပြည်သူများ လိုလားသည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်ပြီး အရေးအကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ အမျိုးသားညီလာခံကြီးသို့ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ထားသည့် တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များလည်း ပါဝင်တက်ရောက်လျက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီဇင်ဘာလ ၄ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ ဧည့်ခန်းမဆောင်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)မှ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ 'ဝ' တိုင်းရင်းသားခေါင်းဆောင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)မှ ရှမ်းတိုင်းရင်းသားခေါင်းဆောင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅)မှ ကချင်တိုင်းရင်းသား ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)မှ ပလောင်တိုင်းရင်းသားခေါင်းဆောင်များနှင့် မန်ပန်ပြည်သူ့စစ်၊ မုံးဟင်မုံးဟပြည်သူ့စစ်တို့မှ ခေါင်းဆောင်များအား တစ်ဖွဲ့ချင်းနှင့်တွေ့ဆုံ၍ ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က–

**"နိုင်ငံတော်အနေဖြင့် ဥပဒေဘောင်အတွင်း ရောက်ရှိနေပြီဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ မူဝါဒသဘောထားပြောင်းလဲမှုမရှိဘဲ ယခင်အစဉ်အလာများအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်"**

ဖြစ်ကြောင်း ပြောကြားသွားသည်။

အထူးဒေသများမှ တိုင်းရင်းသားအဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သောမူဝါဒ သဘောထားကို သိမြင်နားလည်သဘောပေါက်ကြပြီး နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးပပျောက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့်အညီ ညီညီညွတ်ညွတ် လျှောက်လှမ်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ရောက်ရှိစေရန် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားအဖွဲ့အစည်းများသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက် အောင်မြင်သည်အထိ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်နှင့်ဆက်လက် ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြမည်ဟု ယုံကြည်ကြောင်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ၂၀၀၅ ခုနှစ်အတွက် ထိုင်းစီးပွားရေးနှင့် စီမံချက်များ ထိုင်းဝန်ကြီးချုပ်နှင့် စီးပွားရေးအဖွဲ့အစည်းများ ဆွေးနွေးမည်

ဗန်ကောက် ဒီဇင်ဘာ ၅

**၂၀၀၅ခုနှစ်အတွက် ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် အစိုးရ၏ စီမံချက်များကို ထင်ရှားကျော်ကြားသော ထိုင်းပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်နှင့် တွေ့ဆုံဆွေးနွေးကြရန် စီစဉ်ထားသည်။**

ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် (အက်ဖ်တီအိုင်)၊ ထိုင်းကုန်သွယ်ရေး အဖွဲ့နှင့် ထိုင်းဘဏ်လုပ်ငန်းရှင်များ အသင်းတို့မှ အဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆောင်ရွက်မှုများနှင့် ၂၀၀၅ ခုနှစ်အတွက် စီမံကိန်းများကို ဒီဇင်ဘာ ၈ ရက်က ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲသည် အစိုးရ၏ စီးပွားရေးမဟာဗျူဟာနှင့် လာမည့်နှစ်အတွက် မူဝါဒကို အထောက်အကူပြုမည်ဟု အစိုးရအရာရှိများက မျှော်လင့်ထားသည်။

**ခန့်မှန်း**

၂၀၀၅ခုနှစ်အတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် ၉ ရာခိုင်နှုန်းနှင့် ၁၂ ရာခိုင်နှုန်းကြား ရှိမည်ဟု အက်ဖ်တီအိုင်က ခန့်မှန်းထားသည်။ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကားနှင့် အစိတ်အပိုင်းပစ္စည်းထုတ်လုပ်မှု၊ ရေနံဓာတု၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်တို့တွင် သိသိသာသာတိုးတက်ဖွံ့ဖြိုးမည်ဟု ခန့်မှန်းသည်။

၂၀၀၅ခုနှစ်အတွက် ကုန်ပစ္စည်း တင်ပို့မှုများသည် ၂၀၀၄ ခုနှစ်ကအတိုင်း ဖွံ့ဖြိုးတိုးတက်ဖွယ်ရှိသည်ဟု အက်ဖ်တီအိုင်က ပြောကြားသည်။ **(အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ဖက်စပ်စီးပွားရေးလုပ်ငန်းများ ယူကရိန်း၌ မလေးရှားလုပ်ကိုင်မည်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၅**

ယူကရိန်းနိုင်ငံတွင် ဖက်စပ်စီးပွားရေးလုပ်ငန်းသစ်များ လုပ်ကိုင်ရေးကို မလေးစီးပွားရေးလုပ်ငန်းရှင်များ ပိုမိုစူးစမ်း ရှာဖွေနိုင်ကြောင်း မလေးစီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်း အကြီးအကဲတစ်ဦးက ပြောကြားသည်။

ယခုအချိန်အခါမှာ မလေးစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် ယူကရိန်းကဲ့သို့ နိုင်ငံတွင် စီးပွားရေးလုပ်ငန်းသစ်များ လုပ်ကိုင်ရန် အချိန်အခါသင့်သောအချိန်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ မလေးစီးပွားရေးလုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း(ပါဒါဆာမာ)ဥက္ကဋ္ဌ မိုဟာမက်အီဇက်အီမီယာက ပြောကြားသည်။

အဆိုပါ သဘောတူညီချက်သည် ရင်းနှီးမြှုပ်နှံမှု၊ ဆွေးနွေးပွဲ၊ အပြန်အလှန်သတင်းပြန်ဖလှယ်ခြင်း၊ ယူကရိန်းနှင့်မလေးရှား နှစ်နိုင်ငံ အနာဂတ်ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုများ တိုးမြှင့်စေရန်အတွက် ညှိနှိုင်းတိုင်ပင်ခြင်းတို့နှင့် ဆက်နွယ်မှုရှိကြောင်း ဥက္ကဋ္ဌက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယနှင့် ရုရှား အိုင်တီစာချုပ်မည်

**နယူးဒေလီ ဒီဇင်ဘာ ၅**

အိန္ဒိယနှင့်ရုရှားနိုင်ငံတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်ပြန်ကြားရေးနှင့်ဆက်သွယ်ရေး နည်းပညာ (အိုင်စီတီ)ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် လာမည့်နှစ်တွင် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးတစ်ဦး၏ ပြောကြားချက်ကို အင်ဒိုအာရှသတင်းဌာနက ကိုးကားဖော်ပြသည်။

၂၀၀၅ ခုနှစ် ပထမနှစ်ဝက်တွင် လက်မှတ်ရေးထိုးမည့် အဆိုပါသဘောတူညီချက် မူကြမ်းကို ကျွမ်းကျင်အဖွဲ့တစ်ဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း ရုရှားအိုင်တီဝန်ကြီး လီယိုနိုက်ရေးမန်းက အိန္ဒိယတောင်ပိုင်း ဘန်ဂလိုမြို့၌ အိန္ဒိယနှင့် ရုရှားအိုင်တီလုပ်ငန်းများ အပြန်အလှန် ဆွေးနွေးပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

မိမိသည် နောက်ဆုံးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် လာမည့်ဝန်ကြီးအဆင့် အစည်းအဝေးအတွက် အိန္ဒိယ အိုင်စီတီဝန်ကြီး ဒါရာနီဟီမာရန်ကို မော်စကိုသို့ ဖိတ်ခေါ်ခဲ့ကြောင်း၊ ယင်းမှ အိန္ဒိယနှင့် ရုရှားတွင် အိုင်တီဈေးကွက်များ စူးစမ်းလေ့လာသွားရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ရေးမန်းက ပြောကြားသည်။
**အမ်အင်အေ၊ဆင်ဟွာ**

# အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်ရန် ပါကစ္စတန်နိုင်ငံ စိတ်အားထက်သန်လျက်ရှိ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၅

**ပါကစ္စတန်နိုင်ငံသည် ၎င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် ၎င်း၏ကုန်သွယ်ရေးဆက်သွယ်မှုများတိုးမြှင့်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း၊ ပါကစ္စတန်–အိန္ဒိယ ဆက်ဆံရေးကောင်းမွန်လာမှုသည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရန် အခြေအနေကောင်းတစ်ရပ်ဖြစ်ကြောင်း မိုဟာမက်မီယန်ဆွမ်ရိုက ပြောကြားသည်။**

ပါကစ္စတန်အစိုးရသည် ဆိပ်ကမ်းနှင့်သင်္ဘောတင် ကုန်ပစ္စည်းကဏ္ဍကို အလွန်အရေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပါကစ္စတန်နိုင်ငံတွင် ဆိပ်ကမ်းနှင့် သင်္ဘောတင်ကဏ္ဍများ၌ မြှင့်တင်ဆောင်ရွက်ရန် သီးခြားဝန်ကြီးဌာနတစ်ခုကိုလည်း တည်ထောင်ထားကြောင်း ဆွမ်ရို၏ ပြောကြားချက်ကို ပါကစ္စတန်သတင်းစာက ကိုးကားဖော်ပြသည်။

ပါကစ္စတန်နိုင်ငံသည် အာရှအလယ်ပိုင်းနိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်ရန်အတွက် အလားအလာအများအပြားရှိကြောင်း၊ ဂျီဝါဒါ ဆိပ်ကမ်းသည် အာရှအလယ်ပိုင်း၊ တရုတ်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ ကုန်သွယ်ရာတွင် စီးပွားရေးဆောင်ရွက်လုပ်ကိုင်သူ၏ ဗဟိုချက်မ ဖြစ်လာစေမည်ဖြစ်ကြောင်း ဆွမ်ရိုက ပြောကြားသည်။

နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များသည် ယင်းတို့၏ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် အဆိုပါဆိပ်ကမ်းကို အသုံးပြုနိုင်ကြကြောင်း ဆွမ်ရိုအား ပြောကြားသည်။ အိန္ဒိယကိုယ်စားလှယ်အဖွဲ့ဝင်များက ဆွမ်ရိုအား ပြောကြားရာတွင် ယင်းတို့၏ စီးပွားရေးနယ်ပယ်များနှင့် စပ်လျဉ်း၍ ကိစ္စရပ်များဆောင်ရွက်ရေးနှင့် ပါကစ္စတန်ဆိပ်ကမ်းများသို့ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး ကဏ္ဍစုံ ကမ်းလှမ်းချက်များကို တွန်းအားပေးရန် ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဂုဏ်ပြုအကြိုဆောင်းပါး

# မြန်မာ့ဗုဒ္ဓသာသနာသမိုင်း၏ မှတ်တိုင်ကြီးတစ်ခု

ဒေါက်တာခင်မောင်ညွန့်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၉ရက်မှ ၁၁ရက်အထိ သုံးရက်တိုင်တိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော် မြို့တော်ရန်ကုန်ရှိ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပတော့မည်ဖြစ်ရာ အရာခပ်သိမ်း အပြည့်အဝ အဆင်သင့် ရှိနေလေပြီ။

မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်၏ သမိုင်းကို ပြန်ပြောင်းသုံးသပ်လိုက်သော် အလွန်ရှည်လျားပြီး စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲရှင်သန်လာခဲ့သည်ကို တွေ့ရသည်။ ယင်းသာသနာ့သမိုင်းကို သာဓကပြုသော အထောက်အထားများမှာလည်း ပြည်တွင်းပြည်ပ၌ မြားမြောင်စွာ တွေ့ရှိရသည်။ ပြည်တွင်းမှာပင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ သာဓကများကို ရှာဖွေဖော်ထုတ် မှတ်တမ်းတင်၍ မပြီးဆုံးနိုင်သေးပါ။ သာဓကအချို့နှင့် ထင်ရှားသော မြန်မာ့သာသနာသမိုင်း မှတ်တိုင်ကြီးများကို အကျဉ်းချုံး၍ ဖော်ပြရပါလျှင် မြန်မာနိုင်ငံကို စေတီပုထိုးများနိုင်ငံ (The Land of pagodas)ဟု ကမ္ဘာက တင်စားခေါ်ခဲ့ကြသည်မှာ ဘုရား၊ ရဟန်းတော်တို့၏ ဓာတ်တော်၊ မွေတော်များကို ကိုးကွယ်ရန် ဌာပနာထားသော ဓာတုစေတီများ၊ ဓမ္မတရားတော်များကို ရေးသားမှတ်တမ်းတင်ထားသော ပစ္စည်းများကို ဌာပနာထားသော ဓမ္မစေတီများ၊ ဘုရားရဟန္တာတို့ အသုံးအဆောင် ပစ္စည်းများကို ဌာပနာထားသော ပရိဘောဂစေတီများ၊ ဘုရား၊ ရဟန္တာတို့၏ ပုံတူဆင်းတုများ ဌာပနာထားသော ဥဒ္ဒိဿစေတီများနှင့် ဘုရား ရဟန္တာတို့၏ ခြေတော်ရာများကို ဌာပနာထားသော ပါဒစေတီမျိုးစုံကို မြန်မာနိုင်ငံအနှံ့အပြားတွင် ဖူးတွေ့ရသောကြောင့် ဖြစ်သည်။ ယင်းစေတီတို့သည် မြန်မာ့သာသနာသမိုင်းတွင် သူ့အချိန်သူ့အခါ၊ သူ့ဒေသအလိုက် ပေါ်ထွန်းလာကြသဖြင့် မြန်မာ့သာသနာသမိုင်း၏ မှတ်တိုင်ကြီးများ ဖြစ်သည်။

ဗုဒ္ဓသာသနာသည် မဇ္ဈိမဒေသတွင် စတင်ပေါ်ထွန်းပြီး မြန်မာနိုင်ငံသို့ ရောက်ရှိပြန့်ပွားလာခြင်းဖြစ်သည်။ ကုန်းတွင်းပိုင်းမှလည်းကောင်း၊ ပင်လယ်ရေကြောင်းမှလည်းကောင်း ရောက်လာသည်။ အကျဉ်းမျှ တင်ပြရပါလျှင် ဂေါတမမြတ်စွာဘုရားပွင့်တော်မူသော မဟာသက္ကရာဇ် ၁၀၃ခုနှစ်မှာပင် ရာမညဒေသမှ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့ ဗုဒ္ဓဘုရားရှင်ကို သွားရောက်ဖူးတွေ့ပြီး ဆံတော် ရှစ်ဆူကို ပင့်ဆောင်ခဲ့ကာ သိင်္ဂုတ္တရထိပ်ဝယ် စေတီတည်ဌာပနာရာမှ စတင်ပြီး ဗုဒ္ဓနှင့်ဓမ္မနှစ်ရပ်မြန်မာနိုင်ငံသို့ ဦးစွာရောက်လာခဲ့သည်။ ထို့ကြောင့် ရွှေတိဂုံစေတီတော်သည် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသမိုင်း၏ ပထမဦးဆုံး မှတ်တိုင်ကြီး ဖြစ်ပေသည်။

မဟာသက္ကရာဇ် ၁၁၁ခုနှစ် ဗုဒ္ဓမြတ်စွာ၏ ရှစ်ဝါမြောက်တွင် တပည့်မဟာထေရ်ဂဝံပတိ၏ လျှောက်ထားတောင်းပန်ချက်အရ သုဝဏ္ဏဘုမ္မိသထုံပြည်သို့ မြတ်စွာဘုရားသည် တပည့်ရဟန္တာများနှင့် ကြွချီလာပြီး တရားတော်များကို ဟောကြားတော်မူသည်။ ရသေ့ခြောက်ပါးတို့အား ဆံတော်ရှစ်ဆူကို ကိုယ်စားပြု ကိုးကွယ်ရန် ပေးသနားသည်။ ယင်းဆံတော်များ ဌာပနာထားသော ကျိုက်ထီးရိုးစေတီအပါအဝင် စေတီခြောက်ဆူကို ယနေ့တိုင်အောင် သာသနာသမိုင်းမှတ်တိုင်ကြီးများအဖြစ် ကျိုက်ထိုမြို့အနီး တောင်တန်းကြီးများ၌ ဖူးတွေ့နေရသည်။

မဟာသက္ကရာဇ် ၁၂၃ခုနှစ် မြတ်စွာဘုရား ဝါတော် ၂၀တွင် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာ(ယနေ့လယ်ကိုင်း)ဇာတိ မဟာထေရ်အရှင်ပုဏ္ဏ၏ လျှောက်ထား တောင်းပန်ချက်အရ မြတ်စွာဘုရားသည် ရဟန္တာများနှင့်အတူ ကြွလာပြီး စန္ဒကူးနံ့သာကျောင်းကြီး၌ သီတင်းသုံးကာ ဓမ္မတရားတော်များကို ဟောကြားတော်မူသည်။ တပည့် အရှင်ပုဏ္ဏကိုလည်း ဆက်လက်၍ သာသနာပြုရန် ထားရစ်သည်။ မင်းဘူးတောင်တန်းတွင် ခြေတော်ရာနှစ်ဆူချခဲ့ရာ ယနေ့တိုင် မန်းစက်တော်ရာ ပါဒစေတီနှစ်ဆူနှင့် စန္ဒကူးနံ့သာကျောင်းနေရာ၌ လယ်ကိုင်း ကျောင်းတော်ရာ စေတီတို့သည်လည်း သာသနာ့သမိုင်းမှတ်တိုင်ကြီးများ ဖြစ်သည်။ ထိုနှစ်မှာပင် ရခိုင်ပြည် စန္ဒသူရိယမင်းလက်ထက်၌ မင်းနှင့် ပြည်သူတို့၏ ပင့်ဖိတ်ချက်အရ မြတ်စွာဘုရားရှင်သည် တပည့်ရဟန္တာတို့နှင့် ကြွလာပြီး တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူသည်။ ကိုယ်စားတော်အဖြစ် ကိုးကွယ်နိုင်ရန် ပဉ္စလောဟာနှင့် သွန်းသော မဟာမုနိရုပ်ပွားထားရစ်ခဲ့ရာ ယနေ့တိုင် ကိုးကွယ်လျက်ရှိသည်။ သာသနာ့မှတ်တိုင်ကြီးတစ်ခု ဖြစ်သည်။

မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်ဝင်ပြီးနောက်ပိုင်းတွင်လည်း ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံသို့ ဆက်လက်ရောက်ရှိ ပြန့်ပွားဆဲဖြစ်သည်။ မဟာသက္ကရာဇ် ၂၃၆ခုနှစ်တွင် ပါတလိပုတ်တိုင်း အသောကမင်းကြီးက ဒါယကာပြု၍ ကျင်းပသော တတိယသင်္ဂါယနာတင်ပွဲသဘင်ကြီးကျင်းပပြီး ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုရဟန်းအဖွဲ့များကို စေလွှတ်သာသနာပြုစေသည်။ ယင်းအဖွဲ့များ အနက် အရှင်သောနနှင့်ဥတ္တရတို့ ဦးဆောင်သောအဖွဲ့သည် သုဝဏ္ဏဘုမ္မိသို့ သာသနာပြုရာ သီရိမာမင်းနှင့် ပြည်သူအပေါင်းတို့ တရားတော်များ ကြားနာရသဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာကြသည်။ ခြောက်သောင်းသော ပုဂ္ဂိုလ်တို့ ရဟန္တာအဖြစ်သို့ ရောက်ကြသည်ဟု ကမ္ပည်းကျောက်စာများတွင် ထိုးထားသည်။ မဟာသက္ကရာဇ် ၄၅၀ပြည့်နှစ်တွင် သီရိလင်္ကာမင်းက ဒါယကာပြု၍ စတုတ္ထသင်္ဂါယနာတင်သည်။ ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာများကို ပေထက် အက္ခရာတင်သည်။ ပထမဦးဆုံး အက္ခရာတင်ခြင်းဖြစ်သည်။ မဟာသက္ကရာဇ် ၉၃၀ပြည့်နှစ်တွင် အရှင်ဗုဒ္ဓဃောသသည် သီရိလင်္ကာနိုင်ငံရှိ ဝိဟာရကျောင်းတော်ကြီးသို့ ရောက်လာပြီး ဆယ်နှစ်ကြာ သီတင်းသုံးစဉ် အဋ္ဌကထာများကို ဘာသာပြန်သည်။ သည့်နောက် ပေထက်အက္ခရာတင်ထားသော ပိဋကတ်သုံးပုံ မူပွားများနှင့် အဋ္ဌကထာဘာသာပြန်များကို သထုံပြည်သို့ သယ်ဆောင်ယူခဲ့ပြီး သထုံမင်း ဓမ္မပါလသို့ လှဲ့အပ်ရာ ထိုအချိန်မှစ၍ ပေထက် အက္ခရာတင်ပြီး ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာ ဘာသာပြန်များ ပြန့်ပွားလာသည်။ ယနေ့သထုံမြို့ ရွှေစာရံဘုရားဝင်း အတွင်းရှိ ကျောက်စာများ၊ တောင်ခြေရှိ ပိဋကတ်တိုက်ကြီး၌ သိမ်းဆည်းထားသော ပေပုရပိုက်တို့တွင် မှတ်တမ်းများရှိသည်။

တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာစသော ပျူမြို့တော်ဟောင်းများ၌လည်းကောင်း၊ ပါဒ၊ သထုံ၊ မုတ္တမ၊ ဥသာ၊ ပဲခူးစသော မြို့တော်ဟောင်းများတွင်လည်းကောင်း၊ ဓညဝတီ၊ ဝေသာလီ အစရှိသော မြို့တော်ဟောင်းများတွင် လည်းကောင်း၊ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ရွှေဘို၊ အမရပူရ၊ မန္တလေးစသော မြို့တော်ဟောင်းများ တွင်လည်းကောင်း ယနေ့တိုင် တည်ရှိနေသည့် မြောက်မြားစွာသော ဘုရားပုထိုးစေတီ၊ ကျောင်းကန်၊ သာသနိက အဆောက်အအုံများနှင့် ကမ္ပည်းကျောက်စာတို့သည် မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ထွန်းကား လာခဲ့သော ဗုဒ္ဓသာသနာသမိုင်း၏ မှတ်တိုင်ကြီးများဖြစ်ကြသည်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် ပဥ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာနှစ်ရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်မှာလည်း ထူးခြားလှသော သာသနာ့မှတ်တိုင်ကြီးနှစ်ရပ်ဖြစ်သည်။ ယနေ့တိုင်အောင် မန္တလေးမြို့တွင် ပဥ္စမသင်္ဂါယနာတင် သမိုင်းဝင် သာသနိက အဆောက်အအုံများ၊ ရန်ကုန်မြို့တွင် မဟာပါသာဏလိုဏ်ဂူတော်ကြီးအပါအဝင် သာသနိကအဆောက်အအုံကြီးများသည် ဗုဒ္ဓသာသနာ၏ သမိုင်းဝင်မှတ်တိုင်ကြီးများဖြစ်ကြသည်။ နောက်ပိုင်းကာလတွင်လည်း ဗုဒ္ဓသာသနာသည် မှေးမှိန်ကျဆင်းခြင်းမရှိဘဲ ဆက်လက်၍သာ တည်တံ့ခိုင်မြဲ ပြန့်ပွားထွန်းကားနေခဲ့သည်မှာ သမိုင်းစဉ်တစ်လျှောက် မင်းနှင့်ပြည်သူ ကြည်ဖြူသဒ္ဓါနှင့် စတုပစ္စယ၊ ပစ္စည်းလေးပါး အထောက်အကူ လှူဒါန်းမှု၏ အစဉ်အလာအတိုင်း အစိုးရနှင့်ပြည်သူတို့၏ ကြိုးပမ်းမှုကြောင့် ဖြစ်သည်။

သံဃာဂိုဏ်းကြီးကိုးဂိုဏ်း ပေါင်းစည်းညီညွတ်မှု အထိမ်းအမှတ်ဖြစ်သော မဟာဝိဇယစေတီတော်ကြီး(ရွှေတိဂုံစေတီတော်အနီး)သည်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နှစ်ကြိမ်တိုင် ဗုဒ္ဓမြတ်စွာ၏ စွယ်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့သော အထိမ်းအမှတ်အဖြစ် ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်ထားကိုးကွယ်သည့် ဗုဒ္ဓစွယ်တော်မြတ်စေတီနှစ်ဆူသည်လည်းကောင်း၊ ၁၉၉၈ခုနှစ်က စတင်တည်ထောင်ဖွင့်ခဲ့သော မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးနှင့် တာမွေမြို့နယ်ရှိ မဟာသန္တိသုခ ကျောင်းတော်ကြီးသည်လည်းကောင်း၊ မင်းဓမ္မကုန်းတော်တွင် တည်ထား ကိုးကွယ်ထားသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်သည် လည်းကောင်း၊ စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သည်လည်းကောင်း၊ နိုင်ငံအနှံ့တွင် တည်ထား ကိုးကွယ်လျက်ရှိသော ရွှေတိဂုံပုံတူစေတီတော်များသည် လည်းကောင်း၊ အခြားအခြားသော သာသနိကအဆောက်အအုံများသည် လည်းကောင်း မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသမိုင်း၏ မျက်မှောက်ခေတ် မှတ်တိုင်ကြီးများ ဖြစ်သည်။

ယခု ၂၀၀၄ခုတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ အထူးပြုပြင် စီမံခြယ်သထားသော ဆဋ္ဌသင်္ဂါယနာတင်ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဒီဇင်ဘာလ ၉ရက်မှ၁၁ရက်အထိ သုံးရက်တိုင်တိုင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်တန်း ခေါင်းဆောင်ကြီးတို့၏ အစည်းအဝေးဖြစ်သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပမည်ဖြစ်ရာ မြန်မာ့သာသနာသမိုင်း၏ မျက်မှောက်ခေတ်မှတ်တိုင်ကြီး တစ်ခု ထပ်မံတိုးပွားလာတော့မည် ဖြစ်သည်။

ဤသို့ နိုင်ငံတော်အဆင့်နှင့် ဆောင်ရွက်သော လုပ်ငန်းကြီးများ၊ အထူးသဖြင့် သာသနာရေးဆိုင်ရာ ဆောင်ရွက်မှုများသည် တစ်သက်တစ်ခါ ကြုံတောင့်ကြုံခဲလှသဖြင့် စေတနာသဒ္ဓါတရားအပြည့်ဖြင့် ပါဝင်ကူညီယူသင့်လှပေသည်။

**ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကြီးသို့ ဗုဒ္ဓဘာသာဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရ အကြီးအကဲများ၊ ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံမှ ခေါင်းဆောင်ရဟန်းရှင်လူများ၊ ကိုယ်စားလှယ်များ၊ ဖိတ်ကြားခံဧည့်သည်တော်များ တစ်ခဲနက် လာရောက် စုဝေးကြမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရား၏ အမြိုက်တရားနှင့် ပတ်သက်သော ဟောပြောနှီးနှော၊ ဆွေးနွေး၊ စာတမ်းဖတ်ပွဲများ ကျင်းပကြကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သတ္တဝါအပေါင်းတို့၏ ချမ်းသာသုခရရှိရေးအတွက် ပူးပေါင်းကြိုးပမ်းရင်း ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက် ကြတော့မည်**ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကြီးသို့ ဗုဒ္ဓဘာသာဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရ အကြီးအကဲများ၊ ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံမှ ခေါင်းဆောင်ရဟန်းရှင်လူများ၊ ကိုယ်စားလှယ်များ၊ ဖိတ်ကြားခံ ဧည့်သည်တော်များ တစ်ခဲနက် လာရောက်စုဝေးကြမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရား၏ အမြိုက်တရားနှင့် ပတ်သက်သော ဟောပြောနှီးနှော၊ ဆွေးနွေး၊ စာတမ်းဖတ်ပွဲများကျင်းပကြကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သတ္တဝါအပေါင်းတို့၏ ချမ်းသာသုခရရှိရေးအတွက် ပူးပေါင်းကြိုးပမ်းရင်း ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ကြတော့မည်။**



နိုဝင်ဘာ ၂၃ ရက်က ပဲခူးအသင်း (ရန်ကုန်)၏ ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို အသင်းတိုက် တည်ရှိရာ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းကွင်းမြောက်ဘက်တန်း ဒုတိယထပ် အမှတ်၁၀၊ ၁၁တွင် ကျင်းပရာ သရက်တောကျောင်းတိုက် ဓေယျာသင်္ဂြိဳဟ်ကျောင်း ဆရာတော် ဦးကုန္ဒဝံသနှင့် ဆရာတော် များအားအသင်း ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးညွန့်ဇော်(ငြိမ်း)နှင့် အမှုဆောင်များက ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



ဒီဇင်ဘာ ၄ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၂၉) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းသန့်ရှင်းရေး လုပ်ငန်းနှင့် ကလေး အားကစားကွင်းဆိုင်ရာ ပစ္စည်းများအတွက် လှူဒါန်း ငွေကျပ် ၄၅၀၀၀၀ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သာထွန်းနှင့် အတွင်းရေးမှူး ဦးဝမ်နီတို့က ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်သို့ ပေးအပ်စဉ်။ (က-ပ)

သဃ်္ဃန်းကျွန်းမြို့နယ် စီမံကိန်း (၁)၊ (၂)မိသားစုများ၏ (၃၁)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန် အလှူတော် မင်္ဂလာအခမ်းအနားကို တန်ဆောင်မုန်းလပြည့်နေ့က သာသနာ့အလင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဝံသထံ အလှူရှင်များက ကထိန်အလှူ အနုမောဒနာတရား နာကြားကြစဉ်။ (၀၅၂)



မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ဥပဋ္ဌာကအဖွဲ့တို့က ကြီးမှူးကျင်းပသော (၁၂)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၂၆ရက်က နွယ်ခွေကျေးရွာ အတုလမဂ္ဂင်ကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီနှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၃၆၃)



# နိုင်ငံတော်ဝန်ကြီးချုပ် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးဝန်းကျင် မွမ်းမံပြင်ဆင်ဆောင်ရွက်ထားရှိမှုကြည့်ရှုစစ်ဆေး
# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပရေး အစမ်းလေ့ကျင့်ခြင်းအခမ်းအနားသို့တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၆

**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပရေးအတွက် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပရာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်သည်။**

အဆိုပါအစမ်းလေ့ကျင့်ခြင်း အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တကုမာရ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အရှင်ဒေါက်တာ ဉာဏိဿရနှင့် ပင့်ဖိတ်တော်မူထားသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သာသနာ့နွယ်ဝင် သီလရှင်များ တက်ရောက်ကြည်ညိုကြသည်။



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပရေးအတွက် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း မွမ်းမံပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဝိဇယမင်္ဂလာမွေ့သဘင်၌ ခင်းကျင်းပြသထားသည့် ဗုဒ္ဓအမွေအနှစ် ဓာတ်ပုံပြပွဲ (မြန်မာ-အိန္ဒိယ) ကိုကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



### ကြိုဆို

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နံနက်၇နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးသို့ ရောက်ရှိလာရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပရေးအတွက် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏ ဝန်းကျင်၌ မွမ်းမံပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

### စိုက်ပျိုးပူဇော်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏ တောင်ဘက်မုခ်အဝင် အနောက်တောင်ထောင့်အရပ်၌ ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသော ဗောဓိညောင်ပင်ကို လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏ တောင်ဘက်မုခ်အဝင် အရှေ့တောင်ထောင့်အရပ်၌ လုမ္ဗိနီအင်ကြင်းပင်ကိုလည်းကောင်း တစ်ပြိုင်တည်း စိုက်ပျိုးပူဇော်ကြပြီး မြေဆီနှင့်ရေတို့ကို ထည့်သွင်းသွန်းလောင်းပေးကြသည်။

### မှာကြား

ယင်းနောက် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပရေးအတွက် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကြည့်ရှုကြည်ညိုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဝိဇယမင်္ဂလာမွေ့သဘင်၌ ခင်းကျင်းပြသထားသည့် ဗုဒ္ဓအမွေအနှစ်ဓာတ်ပုံပြပွဲ (မြန်မာ-အိန္ဒိယ)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၇-၁၂-၂၀၀၄ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှောဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Study of Proposition (2) (ဒုသဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း) (ပထမနှစ်)
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"**(အပိုင်း-၂၁)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မြန်မာ့ရှုခင်း
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာ့သိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၂၇)

## ဆုတောင်းပြည့်စေတီ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်လှူဒါန်းမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် ဒေါနလမ်း အာသာဝတီတိုက် တွံတေးသာသနာပြုကျောင်းတိုက်ရှိ ဆုတောင်းပြည့် စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဒုတိယအကြိမ် ဆွမ်းတော်ကြီးတင် ဆက်ကပ်လှူဒါန်းပွဲနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု မဟာအောင်မြေဘုံစံ ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညိန္ဒာ ဘိဝံသနှင့် ဆရာတော်ကြီးများအား ပူဇော်ခြင်း၊ ဩဝါဒခံယူခြင်း၊ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ရေချမ်းတစ်ထောင်၊ နံ့သာတစ်ထောင်၊ ရွှေသင်္ကန်းကပ် ရေစက်ချအခမ်းအနားပွဲကြီးများကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်(ဒီဇင်ဘာ ၉ရက်)တွင်ကျင်းပမည်ဟုသိရသည်။

**(က-ပ)**

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

● **ကျောဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက်၁၀နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပြီးစီးမှုအခြေအနေများ၊ စီမံကိန်းပြီးစီးပါက တွေ့မြင်ရမည့် အနေအထားများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

**အချိန်မီပြီးစီးရေး**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းများ သွက်လက်မှန်ကန်စွာဖြင့် စနစ်တကျဖြစ်ရေး၊ စံချိန်မီအရည်အသွေးကောင်းမွန်စေရေး၊ အချိန်မီပြီးစီးရေးနှင့် နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီး ဖြစ်သည်နှင့်အညီ ဝန်ထမ်းများကျွမ်းကျင်မှုရှိစေရန် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ထားရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုးချဲ့တည်ဆောက်လျက်ရှိသည့် လေဆိပ်အဆောက်အအုံနှင့် ကားရပ်နားရန်နေရာ တည်ဆောက်ပြီးစီးမှု၊ Transformerနှင့် Generatorစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လေဆိပ်အဆောက်အအုံတိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံကို ဘိုးရင်းဂျက်လေယာဉ်များ အသုံးပြုနိုင်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဆောက်အအုံအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ၂၀၀၃ခုနှစ် ဧပြီလမှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၃၅ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းခွင်တွင် Transformer နှင့် Generator စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ထို့နောက် ၎င်းသည် ၁၉၇၈ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသို့သွားရောက်၍ နိုင်ငံရေးရာ သဘောတရားများကို လေ့လာဆည်းပူးခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်တွင် ၎င်းသည် အလယ်ပိုင်းလက်နက်ကိုင်တပ်ဖွဲ့များ၏ နိုင်ငံရေးရာ အကြီးအကဲ၊ ပါတီအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၁၉၈၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပါတီအတွင်းရေးမှူးနှင့် ဆာဗာနာကက်ပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ပါတီအတွင်းရေးမှူးနှင့် ဗီယင်ကျန်းမြို့တော်ဝန်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၆ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ ၎င်းသည် ဒုတိယဝန်ကြီးချုပ်နှင့် လာအို-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရပြီး ၁၉၉၉ခုနှစ်မှ ၂၀၀၁ခုနှစ် မတ်လအထိ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၁ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် မစ္စတာဘောင်ညံဗိုရာချစ်သည် စတုတ္ထအကြိမ် ဥပဒေပြုလွှတ်တော် သတ္တမမြောက် ပုံမှန်အစည်းအဝေးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။

မစ္စတာဘောင်ညံဗိုရာချစ်သည် မဒမ်ခမ်းမှုယန်ဗိုရာချစ်နှင့် အိမ်ထောင်ပြုခဲ့ပြီး သားသုံးဦး၊ သမီးနှစ်ဦးရှိပါသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ရေတာရှည်မြို့ ကံမြင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် စာအုပ်၊ ခဲတံနှင့်ဘောပင်များ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၆

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ရေတာရှည်မြို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ဗလာစာအုပ် ၃၂၄ ဒါဇင်နှင့် ခဲတံ၊ ဘောပင်များလှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ယင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်လှူဒါန်းသည်။**

**လှူဒါန်း**

လှူဒါန်းပွဲသို့ ရေတာရှည်မြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကံမြင့်ကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ အမှူးပြုသော သံဃာတော်ငါးပါး ကြွရောက်ချီးမြှင့်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား ပဲခူးတိုင်းအသင်းနာယကနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များ လှူဒါန်းကြသည်။

ရေတာရှည်မြို့နယ်၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းစနစ်ကို ၁၉၉၉ ခုနှစ်၌ ကံမြင့်ဘုန်းတော်ကြီးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးဖြင့် စတင်သင်ကြားဆောင်ရွက်ခဲ့ရာ ယခုအခါ တောင်ပေါ်ဒေသအပါအဝင် ကျောင်းခွဲငါးခု ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီး ပညာသင်ကျောင်းသား ကျောင်းသူ ၃၂၄ ဦးရှိပြီဖြစ်သည်။

**ကြိုးပမ်းဆောင်ရွက်**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တောင်ငူခရိုင်အသင်းရုံး၌ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ဖြူးမြို့နယ်အသင်းရုံး၌ ဖြူးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်၊ ပဲခူးတိုင်းအသင်းရုံး၌ တိုင်း၊ ခရိုင်နှင့် ပဲခူးမြို့နယ်မှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား အသီးသီးတွေ့ဆုံ၍ နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရှင်းလင်းပြီး မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၁)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးဘုရားလမ်း ရန်ကင်းမြို့နယ်ရှိ Sedona Hotel၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးတက်ရောက်ရန် အသင်းဝင်များထံသို့ ဖိတ်စာများကိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိသော အသင်းသူ အသင်းသားများသည် အသင်းရုံးတည်ရှိရာ အမှတ် ၅၀၄/၅၀၆ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၁၉၁၉သို့ ဆက်သွယ်သတင်းပို့၍ အစည်းအဝေးတက်ရောက်နိုင်ကြောင်းနှင့် အကြံပြုလိုသည်များကိုလည်း စာဖြင့်ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

**စာမျက်နှာ ၆ မှ**

ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်ဝင်းနိုင်-ဒေါ်ခင်စုလှိုင်၊ သား မောင်ဖြိုးဝင်းလှိုင် မိသားစုတို့က ငွေကျပ်သိန်း ၁၀၀၊ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ငွေကျပ်သိန်း ၆၀၊ ပြည်တွင်းအခွန်များဦးစီးဌာနက ငွေကျပ်သိန်း ၅၀၊ ဦးသက်နိုင်(CIFG) က ငွေကျပ်သိန်း ၅၀၊ ဒေါ်ခင်ပြုံး ရပ်ကွက်(၁၂)က ငွေကျပ် ၄၀၇၇၀၀၀၊ ဦးအိုက်တူးမိသားစုက ငွေကျပ်သိန်း ၄၀၊ စေတနာရှင်အလှူရှင် ၃၆ ဦးက ငွေကျပ် ၃၆ သိန်း၊ ဦးသိန်းသန်းဒိုင်းမွန်းပဲလေ့စ်ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ ဦးကျော်မြင့် ကျားခေါင်းကုမ္ပဏီက ငွေကျပ် ၂၅ သိန်း၊ ဦးရွှင်ချောက်(AAA) ဘိလပ်မြေက ငွေကျပ် ၂၅ သိန်း၊ ဦးအားဖုန်က ငွေကျပ် သိန်း ၂၀၊ ဦးစိုင်းအေး (စိုစိုပြေပြေကုမ္ပဏီ)က ငွေကျပ်သိန်း ၃၆၀၊ ရိုးမဘဏ်က ငွေကျပ် ၁၀ သိန်း၊ ဦးလောက်ထည်(ရထိုက်ကုမ္ပဏီ)က ငွေကျပ် ၁၀ သိန်း၊ လားရှိုးဒီဂရီကောလိပ်က ငွေကျပ် ငါးသိန်းသုံးသောင်း၊ လားရှိုး ဆန်ကုန်သည်ကြီးများက ငွေကျပ်သုံးသိန်း၊ ဒေါက်တာစိုင်းမော်ခမ်းက ငွေကျပ်တစ်သိန်း၊ ဦးဒူဝါဇုတ်ခေါင် မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်တည်ဆောက်ရေး သတ္တမအကြိမ် အလှူငွေ ပေးအပ်ပွဲတွင် လှူဒါန်းသော အလှူငွေစုစုပေါင်းမှာ ငွေကျပ်၁၉၇၄၀၇၀၀၀ ဖြစ်သည်။

ထို့နောက် လားရှိုးမြို့ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ခါးရိုးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တသုမနက အနုမောဒနာတရား ဟောကြားတော်မူပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များ၊ ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော် သတ္တဌာနမူလဌာပနာတော်သွင်းလှူပူဇော်ခြင်း အစီအစဉ်များကို ဆက်လက်ကျင်းပသည်။

## လက်ယာရစ်ပူဇော်

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဥပါသကာများက ဌာပနာတော်များဖြစ်သည့် သတ္တဌာနပဋိမာရုပ်ပွား ဆင်းတုတော်များကို သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းခင်းကာ မင်္ဂလာမဏ္ဍပ်အတွင်းမှ ပင့်ဆောင်ကြပြီး စေတီတော်မြတ်အား လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သတ္တဌာန မူလဌာပနာတိုက်သို့ကြွရောက်နေရာယူကြသည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင် မိသားစုလှူဒါန်းသော အနိမိသ မမိုတ်သောမျက်လုံးဖြင့် ကြည့်တော်မူဟန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်ဩဝါဒါစရိယ လားရှိုးမြို့ ကန်မိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ထိုအချိန်တွင် အခမ်းအနားမှူးက မင်္ဂလာအခါတော်ကြားစာတမ်းနှင့် မဟာမင်္ဂလာမော်ကွန်းစာတို့ကို ဖတ်ကြားသည်။

## နံ့သာရည်ပက်ဖျန်း

ယင်းနောက် မင်္ဂလာအခါတော်အချိန် နံနက် ၈ နာရီ ၅၉ မိနစ်ကျရောက်သည်နှင့်တစ်ပြိုင်နက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှည့်လည်ပင့်ဆောင်အပူဇော်ခံထားသည့် သတ္တဌာန ပဋိမာရုပ်ပွားဆင်းတုတော်များကို ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်၏ မူလဌာပနာတော် တိုက်အတွင်းသို့ အစီအစဉ်အတိုင်း သွင်းလှူပူဇော်ကြသည်။

## အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဌာပနာပြီး သတ္တဌာနပဋိမာ ရုပ်ပွားဆင်းတုတော်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဥပါသကာများက မူလဌာပနာတိုက်တော်ကို ပိတ်ပေးပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့က ဌာပနာတိုက်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထိုအချိန်တွင် ဆရာတော် သံဃာတော် အရှင်သူမြတ်များက ဦးဆောင်၍ ပရိသတ်အပေါင်းတို့က ဇယမင်္ဂလာ ဗောဓိယာမူလေ အစရှိသော အောင်ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီ ပရဝဏ်၌ မဟာဗောဓိပင်အား မြေဆီ မြေလွှာထည့်သွင်း၍ အမွှေး နံ့သာရည်ပက်ဖျန်း ပူဇော်ခြင်း အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ပူဇော်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များက မဟာဗောဓိပင်နှင့် ကံ့ကော်ပင်များအား မြေဆီ မြေလွှာများ ထည့်သွင်းပေးကာ ရေစင်ရေကောင်းများ သွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

## လှည့်လည်ပူဇော်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓ သရဏံ ဂစ္ဆာမိ အစရှိသော အရိယာသာဝိတ္တိဂါထာတော်ကို သံပြိုင်ညီညာစွာ ရွတ်ဆို၍ မဟာဗောဓိပင်အား လက်ယာရစ် သုံးကြိမ်လှည့်လည် ပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက အမျှဝေစာတမ်းကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပေးပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

## ရွှေမိုးငွေမိုး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မဟာမင်္ဂလာ အခမ်းအနားများ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်း မိသားစုလှူဒါန်းသော ရတနာငှက်မြတ်နားတော်၊ ရွှေစင်ဆင်းတုတော်နှစ်ဆူ၊ ငွေစေတီတစ်ဆူ၊ ပရိက္ခရာရှစ်ပါးဟန် ငွေပဒေသာပင်နှစ်ပင်၊ စက်မစကြာကြွတော်မူဟန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက နိုင်ငံတော်ဩဝါဒါစရိယ လားရှိုးမြို့ ကန်မိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ဟသ်ာတ အထက(၄)အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ဟသ်ာတမြို့ အထက(၄)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဘုရင့်နောင်ခန်းမ အထက(၄)ဟသ်ာတမြို့၌ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲအတွက် လှူဒါန်း လိုသူများသည် ဒေါ်အေးအေးသွင် ဖုန်း-၀၁-၅၁၃၃၃၃၊ EX-၃၃၁၊ ဦးဝင်းအောင် ဖုန်း-၀၁-၅၂၇၄၄၆၊ ဗိုလ်မှူးလှိုင်မြင့် ဖုန်း-၀၉-၉၉-၂၆၀၄၅၊ ဒေါက်တာနော်မာသေး ဖုန်း-၀၉-၈၀-၂၁၄၉၇၊ ဦးညွန့်လှိုင် ဖုန်း-၀၄၄-၂၁၁၃၂၊ ဦးမောင်မောင်စိုး ဖုန်း-၀၄၄-၂၁၅၉၁၊ ဦးကျော်လွင်ဆန်း ဖုန်း-၀၄၄-၂၁၆၃၈နှင့် ဦးမျိုးသန့်ကျော် ဖုန်း-၀၄၄-၂၁၆၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဟသ်ာတမြို့သို့ ဆရာကန်တော့ပွဲသွားမည့် မော်တော်ယာဉ်များသည် အမှတ် ၂၇၄/ဘီ၊ မြဝတီလမ်း၊ စမ်းချောင်းမြို့နယ်မှ ဒီဇင်ဘာ၂၅ရက်နံနက် ၉နာရီတွင် ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူများ ဖုန်း-၅၂၇၄၄၆ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

# ကျိုက်အင်း မဟာစည်အထူးတရားစခန်းပွဲ

**ရနကုန ဒဇေဘာ ဖ**

သန်လျင်မြို့ ကျိုက်အင်း မဟာစည် သာသနာ့ရိပ်သာ ဓမ္မရက္ခိတကျောင်းတိုက်တွင် ဗုဒ္ဓ၏ သတိပဋ္ဌာန်ကျင့်စဉ် ပါဠိတော်ဟောစဉ်အတိုင်း (နိဗ္ဗာန်ရောက်ရေး အလေးပေးကာ) ကျင့်စဉ်နှင့် ဟောစဉ်တရားတော်များကို ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ခေမာစာရ(ရေတာရှည်) ဆရာတော်အရှင်သူမြတ်က ၁၁မိုးငြိမ်းရန် ၁၁ရက်တရားစခန်းပွဲ (၁၉)ကြိမ်မြောက်တရားစခန်းပွဲတွင် ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်ကြမည့် ယောဂီများ နတ်တော်လဆန်း ၁၃ရက် (ဒီဇင်ဘာ ၂၄ရက်) ညနေ ၄နာရီအရောက် ကျိုက်ခေါက်ဘုရားအလွန် ကျိုက်အင်းမှတ်တိုင်ဆင်း၍ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# ကျိုက်ပိုင်းစေတီတော်အရံစေတီတော်များထီးတော်တင်လှူ

**ရန်ကုန် ဒီဇင်ဘာ ၆**

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီး၏ အရံစေတီတော်များအား ထီးတော်အသစ် ဆက်ကပ် လှူဒါန်းပွဲကို ယမန်နေ့ နံနက်၉နာရီက စေတီတော်ရင်ပြင်တော်ရှိ အောင်ဓမ္မာရုံကြီးတွင် ကျင်းပသည်။ အခမ်းအနားကို စေတီတော်များ၏ ရွှေထီးတော်အသစ်များအား ဆရာတော် သံဃာတော်များက ဘုရားအနေကဇာ တင်တော်မူကြပြီး စေတီတော်မြတ်ကြီး၏ဩဝါဒါစရိယ ရပ်ကွက် သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ အာစရ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်က သာသနာရေးဆိုင်ရာများလျှောက်ထားကာ ရွှေထီးတော် အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ပြီး ရေစက်ချ အမျှပေးဝေကြသည်။

ယခုအခါ အရံစေတီတော် (၃၈) ဆူအား ငွေကျပ်သိန်း နှစ်ဆယ်ကျော် အကုန်ကျခံကာ ရွှေထီးတော်တင်လှူပြီး ကျန်ရှိသော အရံစေတီတော်အတွက်နှင့်စေတီတော်ကြီး၏ ဗုဒ္ဓဝင်ပြတိုက်၊ တောင်ဘက်မုခ်ဦး စောင်းတန်းကြီးများ ဆောက်လုပ်လှူဒါန်းရန်နှင့် ကျန်ရှိသောအရံစေတီတော်များ ထီးတော်တင်လှူလိုပါက ဥက္ကဋ္ဌဦးမျိုးမြင့် ဖုန်း-၅၃၉၈၂၉၊ အတွင်းရေးမှူး ဦးမြင့်တင် ဖုန်း-၆၆၆၈၀၅ နှင့် တွဲဖက်အတွင်းရေးမှူး ဦးသန်းမြင့် ဖုန်း-၆၆၀၀၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# သာယာမည်

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**

# တရုတ်ဒုတိယဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေ ခေါင်းဆောင်သည့် အဖွဲ့ဝင် ခြောက်ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ပြီးနောက် ယနေ့ မွန်းလွဲပိုင်းတွင်လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

## ပို့ဆောင်နှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ နိုင်ငံခြားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထွန်း၊မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာလီကျင်ကျွမ်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒီဇင်ဘာ ၄ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)



■ *ကျောဖုံးမှ*

## တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဝင်များ၊ ဝန်ကြီးဌာနအသင်းများ၊ တရားရုံးချုပ်အသင်း၊ ရှေ့နေချုပ်ရုံးအသင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အသင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသင်းအပါအဝင် ပြိုင်ပွဲဝင်အသင်းပေါင်း ၃၄သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂေါက်သီးရိုက်ပြိုင်ပွဲဝင်အသင်း ၃၄ သင်းမှ ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၄ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပမည့် သတ်မှတ်နေရာအသီးသီးတို့တွင် နေရာယူကြသည်။

## ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ၂၀၀၄ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းတို့က ၂၀၀၄ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို Smoke Ball များ ရိုက်၍ ဖွင့်လှစ်ပေးကြသည်။

## ပထမနေ့ပြိုင်ပွဲ

ယင်းနောက် ပြိုင်ပွဲဝင်အသင်း ၃၄သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၄ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြရာ ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲကျင်းပပြီးစီးသွားသည်။

## ဒုတိယနေ့ပြိုင်ပွဲ

၂၀၀၄ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ယမန်နေ့နံနက် ၆ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဂေါက်သီးရိုက်အသင်း ၃၄ သင်းမှ အားကစားသမားများ တက်ရောက်ကြသည်။

## နောက်ဆုံးနေ့ပြိုင်ပွဲ

ယင်းနောက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲကို စတင်ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၃၄ သင်းမှ ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ပွဲစဉ်များအတိုင်း ဆက်လက်ယှဉ်ပြိုင်ကြပြီး ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

၂၀၀၄ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရဲမွန် ကျွန်းသာယာဂေါက်ကွင်း Club House၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်အားပေးသည်။

ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ၂၀၀၄ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အသင်း ၃၄ သင်းမှ အားကစားသမားများ တက်ရောက်ကြသည်။

## ညှို့ခံဖျော်ဖြေ

ဆုချီးမြှင့်ပွဲ အခမ်းအနား မစတင်မီ တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့် သီဆိုညှို့ခံဖျော်ဖြေကြသည်။

အစီအစဉ်အရ ၂၀၀၄ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၄ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနမှ အသင်းခေါင်းဆောင်နှင့် (အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနမှ အသင်းခေါင်းဆောင်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဆုဖလားကြီးများကို ပေးအပ်ချီးမြှင့်သည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒီဇင်ဘာ ၄ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် တတိယဆုရ သစ်တောရေးရာဝန်ကြီးဌာနအသင်းအား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ကလည်းကောင်း၊ ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက လည်းကောင်း၊ ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲတွင် တတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေကလည်းကောင်း၊ ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လည်းကောင်း၊ ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှု

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့ ဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ဂေါက်သီးရိုက်အသင်းမှ အားကစားသမားများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

(သတင်းစဉ်)



ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပြိုင်ပွဲတွင် ကူညီပံ့ပိုးသည့် ရန်ကုန်မြို့တော်ဂေါက်ကွင်းမှ Marker များကိုယ်စား အုပ်ချုပ်ရေးမှူးအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ အကောင်းဆုံးအရှုံးသမား (အကျော့ပေး)နှင့် အကောင်းဆုံးအရှုံးသမား(အကျော့မဲ့) အသင်းများမှ အသင်းခေါင်းဆောင်များအား ဆုများချီးမြှင့်သည်။

## ဆုများပေးအပ်ချီးမြှင့်

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက Most Eagle, Most Birdie, Most Par, Longest Drive နှင့် Nearast Pin ရရှိကြသည့် အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက တစ်ဦးချင်း(အကျော့ပေး)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများအား လည်းကောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအားလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက အသင်းလိုက် အကောင်းဆုံးရိုက်ချက်ဆုရရှိကြသူများအားလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက တစ်ဦးချင်း(အကျော့ပေး)ပြိုင်ပွဲ၌ အဆင့်၄မှ အဆင့် ၂၀ထိ ရရှိသည့် အားကစားသမားများအားလည်းကောင်းဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆုများချီးမြှင့်ခြင်းအခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ဂေါက်သီးရိုက်အသင်းမှ အားကစားသမားများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ပထမ

၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၅၀၃ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနက ပထမ၊ စုစုပေါင်းရိုက်ချက် ၅၁၇ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယနှင့် စုစုပေါင်းရိုက်ချက် ၅၂၇ချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနက တတိယ ရရှိသည်။

အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၃၉၅ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနကပထမ၊ စုစုပေါင်းရိုက်ချက် ၄၁၃ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနကဒုတိယနှင့် စုစုပေါင်း ရိုက်ချက် ၄၂၈ချက်ဖြင့် သစ်တောရေးရာ ဝန်ကြီးဌာနက တတိယရရှိသည်။

တစ်ဦးချင်း(အကျော့ပေး)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၂၇ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးမောင်မောင်မြင့်၊ စုစုပေါင်းရိုက်ချက် ၁၃၀ ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးသန်းဦးနှင့် စုစုပေါင်းရိုက်ချက် ၁၃၆ ချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဦးမြတ်ကိုကိုတို့ ရရှိကြသည်။

တစ်ဦးချင်း(အကျော့မဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးမောင်မောင်မြင့်၊ စုစုပေါင်းရိုက်ချက် ၁၆၅ချက်ဖြင့် အလုပ်သမားဝန်ကြီးဌာနမှ ဦးသူရိန်ကျော်နှင့် စုစုပေါင်းရိုက်ချက် ၁၆၆ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးသန်းဦးတို့ရရှိကြသည်။

**(သတင်းစဉ်)**





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒီဇင်ဘာ ၄ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ခင်းကျင်းပြသရောင်းချလျက်ရှိသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးစဉ်။** (သတင်းစဉ်)

## ● ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၁၀ နာရီ၄၅ မိနစ်တွင် ၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပသည့် ရဲမွန်ကျွန်းသာယာဂေါက်ကွင်းသို့ ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး ဂေါက်သီးရိုက်ပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသရောင်းချလျက်ရှိသည့် ဂေါက်သီးရိုက်အားကစားပစ္စည်းအရောင်းဆိုင်များ၊ အားကစားဝတ်စုံအရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းသူဇာအရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နှုတ်ဆက်အားပေးစကားပြောကြားပြီး ၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပသည့် ရဲမွန်ကျွန်းသာယာဂေါက်ကွင်းမှ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

## ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာ ၅ရက် နံနက် ၁၀နာရီ ၄၅ မိနစ်တွင် ၂၀၀၄ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပသည့် ရဲမွန်ကျွန်းသာယာဂေါက်ကွင်းသို့ရောက်ရှိလာပြီး ပါဝင်ကစားလျက်ရှိကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့၏ အတွဲနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့အတွဲ ပါဝင်ဂေါက်သီးရိုက် ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဂေါက်သီးရိုက်အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ရဲမွန်ကျွန်းသာယာဂေါက်ကွင်းမှ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**



**၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲနှင့် (အကျော့မဲ့)ပြိုင်ပွဲတို့တွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားကြီးပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၇-၁၂-၂၀၀၄(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓေအဂ္ဂ မဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ရွှေလီတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၄၈)
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ မြန်မာစာ၊ မြန်မာစကား
၁၉:၂၀ ၁၃။ သာ:ငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၃၅ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၁၅။ Hill of Dhamma
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၁၉)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး မိုင်းနောင်မြို့ အလင်းသစ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၆

**ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့ အလင်းသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားကို မိုင်းနောင်မြို့ ရဲတပ်ဖွဲ့မှ စခန်းမှူး ရဲအုပ်ဌေးအောင်ကျော်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**

ထို့နောက် မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမီးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလင်းသစ်စာကြည့်တိုက်အတွက် မိုင်းနောင်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များလှူဒါန်းသော သုတ၊ ရသ၊ ဂျာနယ်၊ စာစောင်အုပ်ရေပေါင်း ၁၇၀ ကျော်နှင့် ကျန်းမာရေးဌာနက လှူဒါန်းသော မဂ္ဂဇင်းများကို ဗိုလ်မှူးချုပ်သောင်းအေးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်ကျော်ဝင်းတို့က ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် တာဝန်ခံ ဦးစိုင်းအောင်ကျော်ခင်က လက်ခံယူသည်။

ထို့နောက် စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူ ဦးမိုးကျော်သူက ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထူးချွန်စွာအောင်မြင်ခဲ့သူများအား ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့် ပညာရေးငွေပဒေသာပင်များ စိုက်ထူပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲနှင့် ပညာရေး ငွေပဒေသာပင် စိုက်ထူပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လားရှိုးမြို့ အခြေခံပညာအထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်တေးသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်ကြစဉ်။

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၆

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီဇင်ဘာ၅ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမဥ္စကျင်းပသော ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများ၊ ပြည်နယ်အဆင့်(၁)မှ (၁၀)အတွင်း မွေးထုတ်ပေးနိုင်သော ကျောင်းများ၊ မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ပညာရေးငွေပဒေသာပင်များ စိုက်ထူပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

## တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ အထူးဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လားရှိုးမြို့ပေါ်ရှိအခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက **'မြန်မာ့ကျောင်း'**၊**'စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်'**၊**'ဇာတိမာန်'**တေးသီချင်းများဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုရခြင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ပညာရေးမြှင့်တင်မှုဆိုင်ရာ ပညာရေးငွေပဒေသာပင် စိုက်ထူဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွဲဖက်ပညာရေးမှူး ဦးငွေတိုးက ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများ ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းနှင့် ပြည်နယ်၏ပညာရည်မြင့်မားရေးအတွက် ဆက်လက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများတို့ကိုရှင်းလင်းတင်ပြသည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အဆင့်(၁)မှ အဆင့်(၁၀)အတွင်း ရရှိခဲ့ကြသည့် သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ရဲကျော်၊ ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မခင်မြတ်သွယ်၊ လားရှိုးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ မဇင်နှင်းအေး၊ နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်နေလင်းထက်၊ လားရှိုးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မဝင်းဝင်းမြင့်၊ မရွှေဇန်အိဖြူ၊ မလင်လင်၊ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝေဖြိုးသန့်၊ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မဇင်ဇင်ဝင်းနှင့် လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကမ်းအွန့်ခိုင်တို့အား ပညာရည်ချွန်ဆုများကို လည်းကောင်း၊ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ပြီးနောက် ဆေးတက္ကသိုလ်၊သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ကွန်ပျူတာကောလိပ်၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ်တို့၌ တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့အား ဒုတိယပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေးငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ငါးဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ နှစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ခုနစ်ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက တက္ကသိုလ်ဝင်တန်းတွင် သုံးဘာသာဂုဏ်ထူးရရှိသော ကျောင်းသားကျောင်းသူ ခုနစ်ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက သုံးဘာသာဂုဏ်ထူးရှင်ခြောက်ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဂုဏ်ထူးအများဆုံး မွေးထုတ်ပေးခဲ့သော အခြေခံပညာ အထက်တန်းကျောင်းများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ၂၀၀၄ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်အောင်မြင်အောင် မွေးထုတ်ပေးခဲ့သော သီပေါ၊ ကျောက်မဲ၊ လားရှိုး၊ နောင်ချိုမြို့နယ်တို့မှမြို့နယ်ပညာရေးမှူးများအားဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက တွဲဖက် ပြည်နယ်ပညာရေးမှူးဒိုင်း အထက်တန်းကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပနိုင်ရန်အတွက် ရန်ပုံငွေကျပ် ၁၀ သိန်းကို တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးငွေတိုးထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ထံသို့ စေတနာရှင်၊ အလှူရှင်များကရှမ်းပြည်နယ်(မြောက်ပိုင်း)ပညာရေး ငွေပဒေသာပင်အဖြစ်အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ လုပ်ငန်းရှင်များက ငွေကျပ်၅၀၀၀၀၀၀၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၇၆၅၀၀၀၊ အေးရှား ဝေါလ်ကုမ္ပဏီက ငွေကျပ် ၂၅၀၀၀၀၀၊ ဒိုင်းမွန်းပဲလေ့စ်ကုမ္ပဏီက ငွေကျပ် ၂၀၀၀၀၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ရွှေနဂါးမင်းကုမ္ပဏီမှ ဦးဝင်းမြင့်က ငွေကျပ် ၁၀၀၀၀၀၀၊ ဒေါက်တာကိုကိုကြီး ဒိုင်းမွန်းစတားကုမ္ပဏီက ငွေကျပ် ၁၀၀၀၀၀၀၊ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၀၊ မူဆယ် ကုန်သည်ကြီးများအသင်းက ငွေကျပ် ၁၀၀၀၀၀၀၊ ဦးသိန်းမြင့် ငွေရည်ပုလဲကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးကျော်မြင့် (လားရှိုး)က ငွေကျပ် ၁၀၀၀၀၀၀၊ဦးဌေးအောင် ငွေဆင်ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးစိုင်းမွန်း မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့က ငွေကျပ် ၅၀၀၀၀၀၊ ရိုးမဘဏ်က ငွေကျပ် ၅၀၀၀၀၀၊ ဦးလွယ်မောင်းက ငွေကျပ် ၁၀၀၀၀၀၊ ဦးဆောလိယ နှင့် ဦးကျင့်စိမ်းတို့က ငွေကျပ် ၂၀၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းတို့က လက်ခံကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျားခေါင်းကုမ္ပဏီမှ ဦးကျော်မြင့်က လားရှိုး၊ သိန်းနီ၊ ကျောက်မဲ၊ မန်ကပ်၊ လောက်ကိုင်မြို့နယ်တို့ရှိ တပ်မတော် ပညာရေးကျောင်းများအတွက် ငွေပဒေသာပင်အဖြစ် အလှူငွေကျပ်သိန်း၅၀ကို ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က လက်ခံသည်။

## ငွေစုစာအုပ်အပ်နှံ

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွက် ပညာရေးငွေပဒေသာပင်စိုက်ထူထားရှိငွေကျပ် သိန်း၆၀၀တန်ဖိုးရှိ ငွေပဒေသာပင် ငွေစုစာအုပ်ကို အပ်နှံပေးအပ်သည်။

ယင်းနောက် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ ကိုယ်စား ပညာရည်ချွန်ဆု ရရှိသော ကျောင်းသားတစ်ဦးဖြစ်သူ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကမ်းအွန့်ခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ အနေနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရန် အရှိန်အဟုန်ဖြင့် အားထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ကြိုးပမ်းဆောင်ရွက်ရာတွင် မျိုးဆက်သစ်လူငယ်များ၏စွမ်းဆောင်ရည်ကို ယုံကြည်စွာဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားအတွက် ထက်ထက်မြက်မြက်ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည့် ထူးချွန်ထက်မြက်သော လူငယ်များပေါ်ထွန်းလာစေရန် အခြေခံပညာကဏ္ဍကစတင်ပြီး ဘက်စုံပညာထူးချွန်ထက်မြက်ရေး၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်သိကျွမ်းကျင်ရေး အစီအမံများကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ နိုင်ငံ့ဝန်ထမ်း သားသမီးများအပါအဝင် တိုင်းရင်းသားမျိုးနွယ်စုများ၏ သားငယ်သမီးငယ်များကို ကြိုးစားမှုရှိသလောက် ထိုက်ထိုက်တန်တန် ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးသည့်အပြင် ပြည်နယ်အဆင့် ထူးချွန်စွာ အောင်မြင်သော သားငယ်သမီးငယ်များ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကို အပူအပင်မရှိ ဆက်လက်ဆည်းပူးနိုင်ရေးအတွက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးက ငွေကျပ်သိန်း ၅၅၀ မတည်ပြီး ပညာရေးထာဝရငွေပဒေသာပင် ရန်ပုံငွေများ ၂၀၀၃ ခုနှစ်ကစပြီး လှူဒါန်းခဲ့ကြောင်း သိရ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူးတင် ဝမ်းသာဂုဏ်ယူမိပါကြောင်း တင်ပြလိုကြောင်း။

ယနေ့ထူးချွန်ဆုရရှိသောကျောင်းသားကျောင်းသူများ အနေဖြင့်လည်း နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ၏ ဂုဏ်ပြုချီးမြှင့်မှုများကို လေးလေးနက်နက်ခံယူပြီး ထူးချွန်သည်ထက် ထူးချွန်အောင်၊ ထက်မြက်သည်ထက် ထက်မြက်အောင် မိမိတို့၏ ထူးချွန်ထက်မြက်သည့် အစွမ်းသတ္တိများကို နိုင်ငံတော်နှင့် လူမျိုး၏အကျိုးစီးပွားဖော်ဆောင်ရေးမှာ ထိုက်ထိုက်တန်တန် အသုံးချနိုင်ရအောင် ရှေ့တစ်ဆင့်တက်လှမ်းရမယ့် အဆင့်မြင့်ပညာဆည်းပူးရာမှာ ဆက်လက်ကြိုးစားကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လားရှိုး လေဆိပ်သို့ ရောက်ရှိကြပြီး တပ်မတော် ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာ့လေကြောင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



ဒီဇင်ဘာ ၅ ရက်က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အဆင့်(၁)မှ (၁၀)အတွင်း ရရှိခဲ့ကြသည့် သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ရဲကျော်အား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်း-၁၀)

(သတင်းစဉ်)

# စာပေ၊ဂီတလောက ဖွံ့ဖြိုးတိုးတက်စည်ပင်ရေး ဆောင်ရွက်ပေးမည် စာပေပညာရှင်များနှင့်လုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၆

**ပြည်ထဲရေးဝန်ကြီးဌာန ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့၏ ၁၃၆၆ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)သို့ သတ္တမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် သက်ကြီးစာပေပညာရှင်များအတွက် အလှူငွေများကို တစ်တပ်တစ်အား ပါဝင်လှူဒါန်းခဲ့သည်မှာ သတ္တမအကြိမ်မြောက်ရှိလာပြီဖြစ်ကြောင်း၊ ယမန်နှစ် ဆဋ္ဌမအကြိမ်အထိ အလှူငွေ စုစုပေါင်း ၂၉၉ သိန်းကျော် လှူဒါန်းခဲ့ပြီး ယခုလှူဒါန်းမည့် သတ္တမအကြိမ်မြောက်တွင် အလှူငွေကျပ် ၁၁၈၄၁၉၀၀ ကို လှူဒါန်းသွားမည် ဖြစ်သည့်အတွက် စုစုပေါင်း ငွေကျပ် ၄၁၉၄၉၂၆၄သိန်း လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း။

## ပြဆိုခြင်းတစ်ရပ်

မိမိတို့ ပြည်ထဲရေးဝန်ကြီးဌာနက ယခုကဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းနေခြင်းသည် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် တစ်တပ်တစ်အား ပါဝင်အားဖြည့်နေခြင်းဆိုသည့်ရည်ရွယ်ချက်တစ်ခုတည်းသာ မဟုတ်ဘဲ တစ်နိုင်ငံလုံး၌ရှိသည့် စာနယ်ဇင်းလုပ်ငန်းရှင်များ၊ တေးသံသွင်းလုပ်ငန်းရှင်များ၏ စုစည်းမှု၊ ညီညွတ်မှု၊ တစ်နည်းအားဖြင့် ပြောရလျှင် စာနယ်ဇင်းလောက၊ တေးသံသွင်းလောက၏ ဖွံ့ဖြိုးတိုးတက်စည်ပင်လာမှုကို ပြဆိုခြင်းတစ်ရပ်လည်း ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်ကြီးအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်ချီတက်လျက်ရှိကြောင်း၊ ဤသို့ ချီတက်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်းကို အားလုံး အသိပင်ဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်၍ ခေတ်အဆက်ဆက်တွင် သမိုင်းပေးတာဝန်များ ကျေပွန်ခဲ့ကြသည့် မိမိတို့၏ စာနယ်ဇင်းပညာရှင်များ၊ ဂီတပညာရှင်များကလည်း တစ်ဖက်တစ်လမ်းကနေ ဝိုင်းဝန်းပြီး အောင်မြင်အောင် ပံ့ပိုးကူညီသွားကြရန် လိုအပ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံ၌ နိုဝင်ဘာလကုန်အထိ ပြုစုထားသည့် စာရင်းဇယားများအရ ပုံနှိပ်သူလုပ်ငန်းရှင်ပေါင်း ၅၁၄၁ ဦး၊ ထုတ်ဝေသူလုပ်ငန်းရှင်ပေါင်း ၁၀၀၉ ဦး၊ တေးသံသွင်းလုပ်ငန်းရှင်ပေါင်း ၁၂၆၂ ဦးရှိကြောင်း၊ ဤလုပ်ငန်းရှင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ခွင့်ပြုပေးချက်အရ ပေါ်ပေါက်လာသည့် လုပ်ငန်းရှင်များဖြစ်ကြပြီး မိမိတို့ လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

## နိုင်ငံတော်ကျေးဇူးသစ္စာ

ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက်စာကောင်းပေမွန်များ ကျယ်ကျယ်ပြန့်ပြန့် ရေးသားထုတ်ဝေကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

## အမျိုးသားရေး

တစ်ဖက်တွင်လည်း နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးမှုကို မနာလို မရှုဆိတ်နိုင်သည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ကောလာဟလ သတင်းထုတ်လွှင့်မှုများ၊ မမှန်မကန်ဝါဒဖြန့်ချိမှုများ၊ အမနာပပြောဆိုမှုများကလည်း ရှိနေဆဲဖြစ်ကြောင်း၊ ၎င်းတို့သည် စာပေလွတ်လပ်ခွင့်၊ အနုပညာလွတ်လပ်ခွင့် စသည်များကို ဗန်းပြပြီး ဝါဒဖြန့် ပုတ်ခတ်ဝေဖန်လျက်ရှိကြကြောင်း၊ မိမိတို့အနေဖြင့် တစ်ဖက်က စာပေလောက၊ ဂီတလောက ဖွံ့ဖြိုးတိုးတက်စည်ပင်ရေးကို ဆောင်ရွက်ပေးနေမည် ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း အမျိုးသားရေးစရိုက်လက္ခဏာများကို ဖော်ဆောင်ပြီး စည်းနှင့် ကမ်းနှင့် ဖွံ့ဖြိုးတိုးတက်လာအောင် စာပေစိစစ်ရေး မူဝါဒများနှင့်အညီ ထိန်းသိမ်းကြပ်မတ်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာပေပညာရှင်များ၊ လုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းပူးပေါင်း ကူညီကြရန် ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ဆောင်ပုဒ်ဖြစ်သည့် **‘အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်အံ့’** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အရည်အသွေးမြင့်မားသည့် စာကောင်းပေမွန်များ ရေးသားပြုစုကြရန် တိုက်တွန်းရင်း မြန်မာစာပေလောက၊ ဂီတလောက ပိုမိုတိုးတက်ဖွံ့ဖြိုးပါစေကြောင်း ဆုတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ၁၃၆၆ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များအတွက် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ မြန်မာတစ်နိုင်ငံလုံးရှိ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ စာပေတိုက်များ၊ တေးသံသွင်းလုပ်ငန်းရှင်များ၊ မိတ္တူကွန်ပျူတာ၊ ပုံနှိပ်စက်ပိုင်ရှင်များ လှူဒါန်းထားသော အလှူငွေကျပ် ၁၁၈၄၁၉၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ငွေလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

## ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် အလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပြည်ထဲရေး ဝန်ကြီးဌာနသည် သက်ကြီးစာပေ ပညာရှင်များအတွက် ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အလှူငွေစုစုပေါင်းမှာ ၂၉၉ သိန်းကျော်ဖြစ်ပြီး ယခုနှစ် သတ္တမအကြိမ် လှူဒါန်းငွေကျပ် ၁၁၈၄၁၉၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၄၁၉ သိန်းကျော် လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**



**ပြည်ထဲရေးဝန်ကြီးဌာန ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့၏ ၁၃၆၆ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)သို့ သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံ အလှူငွေကျပ် ၁၁၈၄၁၉၀၀ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ငါးနိုင်ငံကုန်စည်ပြပွဲ စတုတ္ထနေ့ခင်းကျင်းပြသ ပြည်သူများလာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား

**ရန်ကုန် ဒီဇင်ဘာ ၆**

အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ငါးနိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်၊ ငါးနိုင်ငံ၏ ပို့ကုန်ပစ္စည်းများ ဈေးကွက်ရရှိရန်၊ ငါးနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများမြှင့်တင်ရန်၊ ငါးနိုင်ငံအကြားဆက်ဆံရေး ပိုမိုတိုးမြှင့်ရန် ဟူသည့် ရည်ရွယ်ချက်များထားရှိကာ **“ငါးနိုင်ငံအကျိုး ရှေးရှုသယ်ပိုး”** ဟူသော ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ ပါဝင်သည့် ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ ကို စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ ပြပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် တာဝန်ရှိသူများက ပြခန်းများအားလှည့်လည်ကြည့်ရှု အားပေးကြပြီး အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အလျောက်လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြပွဲတွင် မြန်မာနိုင်ငံပြခန်း၌ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများဖြင့် တည်ဆောက်ထားသည့် မြန်မာ့အမျိုးသား ပြခန်းဆောင်တွင် မြန်မာ့ရိုးရာ လက်မှုပစ္စည်းများနှင့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို လည်းကောင်း၊ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားခန်းမဆောင်တွင် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့၏ ပြကွက်များ၊ လက်မှုအနုပညာလက်ရာများ၊ ကျောက်မျက်ရတနာကုမ္ပဏီများ၏ လက်ဝတ်ရတနာအရောင်းပြခန်းများကို လည်းကောင်း ပြသထားသည်။

## ဝယ်ယူအားပေး

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြခန်းဆောင်တွင် အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသထားပြီး အထူးသဖြင့် ဒန်နှင့်အလျူမီနီယံ မီးဖိုချောင်သုံးပစ္စည်းများကိုအထူးဝယ်ယူအားပေးကြသည်။

## ပြသထား

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြခန်းဆောင်တွင် ယင်းနိုင်ငံထုတ် လက်မှုပစ္စည်းများ၊ အဝတ်အထည်နှင့်ငွေထည်အနုပညာလက်ရာပစ္စည်းများ၊ ဓာတ်ပုံပြခန်းနှင့်လက်ဝတ်ရတနာများကိုလည်းကောင်း၊ ထိုင်းနိုင်ငံ၏ ပင်မပြခန်းတွင် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန The Department of Export Promotionက ထိုင်းလက်မှုအနုပညာပစ္စည်းများ၊ ပုဂ္ဂလိကကုမ္ပဏီလီမိတက်များ၏ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများကိုလည်းကောင်း၊ သီးခြားအရောင်းပြခန်းများကိုလည်းကောင်း ဖွင့်လှစ်ပြသထားသည်။

ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ တွင် ဝန်ကြီးဌာန ရှစ်ခု၊ ပြည်တွင်းကုမ္ပဏီ ၁၃၅ ခုနှင့် ပြည်ပကုမ္ပဏီ၂၁ခုတို့မှ ပြခန်းပေါင်း၁၆၂ခန်း ဖွင့်လှစ်ပြသလျက်ရှိရာ ယမန်နေ့က ပြည်သူ ၆၀၀၀၀ ခန့် လာရောက်ကြည့်ရှုအားပေးကြသည်။

## ရောင်းရငွေ

ယမန်နေ့က ပြပွဲတွင် ရောင်းချရမှု အခြေအနေမှာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ ပုလဲပြခန်းနှင့် ပြည်ပကုမ္ပဏီများမှ ရောင်းချရငွေ ၁၇၉၂၄၈၃၈ ကျပ် ဖြစ်ပြီး ယနေ့အထိ ရောင်းချရငွေ စုစုပေါင်းမှာ ၃၂၉၀၁၄၅၁ ကျပ်ဖြစ်သည်။

ပြပွဲကို ဒီဇင်ဘာ ၇ ရက်ထိ ဆက်လက် ခင်းကျင်းပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာခေချင် မီးတွင် မပေါ့နှင့်

# စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ဆက်လက်ဖွင့်လှစ်ရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၆၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ကို စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ဆက်လက် ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်တို့ လာရောက်ကြည့်ရှုအားပေးကြသည်။

စာအုပ်ဈေးပွဲတော်တွင် စာပေတိုက် ၄၈ တိုက်က ဆိုင်ခန်းပေါင်း ၇၆ ခန်း၌ သုတ၊ ရသစာအုပ်မျိုးစုံကို ခင်းကျင်းပြသရောင်းချလျက်ရှိရာ စာပေချစ်မြတ်နိုးသူ ရဟန်းရှင်လူ ပြည်သူလူထု တစ်သောင်းကျော် လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြပြီး ယနေ့ စာအုပ်ရောင်းရငွေမှာ စုစုပေါင်း ငွေကျပ် ၂၈ သိန်းကျော်ဖြစ်သည်။ **(သတင်းစဉ်)**

# တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မုံရွာ ကျောက္ကာမြောက်စံပြကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းဖွင့်ပွဲ တက်ရောက်အားပေး

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သာအေး မုံရွာမြို့နယ် ကျောက္ကာမြောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စံပြကျေးရွာ အမှတ်(၉၀)မူလတန်းလွန်ကျောင်းဆောင်သစ်အတွက် အလှူရှင် ဦးအေးကို လှူဒါန်းသော ငွေကျပ် ၇၈၅၀၀၀ တန်ဖိုးရှိ ကွန်ပျူတာနှစ်လုံးနှင့် မီးစက်တစ်လုံးတို့ကို လက်ခံရယူစဉ်။**
(သတင်းစဉ်)



ရန်ကုန် ဒီဇင်ဘာ ၆

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် နိုဝင်ဘာ၃၀ရက် နံနက် ၈နာရီက မုံရွာမြို့နယ် ကျောက္ကာမြောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စံပြကျေးရွာအုပ်စုသို့ ရောက်ရှိကြသည်။**

ရှေးဦးစွာတိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ကျောက္ကာမြောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စံပြကျေးရွာအုပ်စု **လင်းရောင်ခြည်** ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်ဆည်း မှာကြားကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီး



**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့က မုံရွာမြို့နယ် ကျောက္ကာမြောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စံပြကျေးရွာအုပ်စု လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

တို့သည်ကျောက္ကာမြောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စံပြကျေးရွာအုပ်စု၌ အသစ်ဆောက်လုပ်ထားသောကျေးလက်ဖွံ့ဖြိုးရေးခန်းမသို့ သွားရောက်၍ ခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျောက္ကာမြောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စံပြကျေးရွာရှိ အမှတ်(၉၀)မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ကြပြီး ငွေကျပ် ၃၂သိန်းဖြင့် ဆောက်လုပ်ထားသော တစ်ထပ်ခြောက်ခန်းကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## လွှဲပြောင်းပေးအပ်

ယင်းနောက် ကျောင်းခန်းမ၌ ကျင်းပသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းကော်မတီမှ တာဝန်ရှိသူများက မုံရွာမြို့နယ် ပညာရေးမှူးထံ လွှဲအပ်သည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောင်းအုပ်ဆရာမကြီးအား ၂၁ လက်မ ရုပ်မြင်သံကြားစက်တစ်လုံးကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးထံ ကျောင်းဆောင်သစ်အတွက် ဟွန်ဒါကုမ္ပဏီမှ ဦးအောင်လင်းက ငွေကျပ် ၁၀ သိန်း၊ ဦးအေးကိုက ငွေကျပ် ၇၈၅၀၀၀ တန်ဖိုးရှိ ကွန်ပျူတာနှစ်လုံးနှင့် မီးစက်တစ်လုံး၊ မုံရွာမြို့နယ် ပညာရေးမှူးက ပညာရေးဌာနက လှူဒါန်းသော ငွေကျပ် ကိုးသိန်း၊ ကျေးလက်ဖွံ့ဖြိုးရေးခန်းမအတွက် ဦးညီညီတို့က ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

## ပေးအပ်လှူဒါန်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးလက်ဖွံ့ဖြိုးရေးခန်းမအတွက် အလှူငွေနှင့် ကျေးလက်ပြည်သူများအတွက် လက်ဆောင်ပစ္စည်းများ၊ ကျောင်းဆောင်သစ်အတွက် အလှူငွေနှင့် ပံ့ပိုးပစ္စည်းများကို ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညိုစိန်အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ဆီပျက်အနယ်အနှစ်သန့်စင်ရေးအဖွဲ့မှ ဦးကျော်စိုးက ငွေကျပ် သုံးသိန်း၊ ဦးအောင်လင်းက ငွေကျပ် နှစ်သိန်း၊ ဦးမျိုးလွင်က ငွေကျပ် သုံးသိန်းတန်စာအုပ်များနှင့် ဗီရိုတစ်လုံး၊ ဦးဗိုလ်-ဒေါ်တာက ငွေကျပ်ခုနစ်သောင်းတန် ဗီရိုနှစ်လုံးတို့ကို လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် လှူဒါန်းကြသည်။

## များစွာဂုဏ်ယူ

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌက ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်၊ ကျေးလက်နေပြည်သူများကို အကျိုးပြုသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် အတူကျောင်းဆောင်သစ်၊ ကျေးလက်ဖွံ့ဖြိုးရေးခန်းမတို့ကို ဖွင့်လှစ်နိုင်သည့်အတွက် များစွာဂုဏ်ယူပါကြောင်းဖြင့် ဂုဏ်ပြုအားပေးစကား ပြောကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က တည်ဆောက်ရေးလုပ်ငန်းများဖြင့် ပြည်သူ့အကျိုးဖြစ်ထွန်းရေးကို ဆောင်ရွက်နေမှုများ၊ လမ်း၊ တံတား၊ဆည်မြောင်း၊ တာတမံများကို တိုးချဲ့တည်ဆောက်ပေးခြင်းများ၊ ပြည်သူများ ပညာရည်မြင့်မားလာစေရန် နိုင်ငံတော်က အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေခြင်းများ၊ ဆေးပါရဂူဘွဲ့၊ သိပ္ပံနှင့် နည်းပညာပါရဂူဘွဲ့များကို ပြည်တွင်းမှာပင် သင်ကြားတတ်မြောက်ပြီး ပါရဂူဘွဲ့ယူနိုင်သည်အထိ စီစဉ်ပေးထားမှုများ၊အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ် သိပ္ပံကျောင်းများ ပြည်နယ်နှင့် တိုင်းအသီးသီး၌ တိုးချဲ့ ဖွင့်လှစ်ပြီး ပညာရေး အသုံးစရိတ်ကို ယခင်ကထက် အဆပေါင်းများစွာ တိုးမြှင့်သုံးစွဲဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းလိုက်သည်။

## ဆွေးနွေးမှာကြား

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက္ကာမြောက်ရွာမှ ပြန်လည်ထွက်ခွာလာကြပြီး မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တိုင်းအတွင်းရေးမှူး ဦးငွေအောင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မုံရွာခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စစ်ကိုင်းတိုင်းအတွင်းရှိ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်ကြရေးနှင့်အသင်းကြီး၏ ဦးတည်ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားပြီး ခရိုင်နှင့် မြို့နယ်များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မော်တော်ယာဉ်ဖြင့် မန္တလေးမြို့သို့ ဆက်လက် ထွက်ခွာလာပြီး မွန်းလွဲ၂နာရီခွဲတွင် အထက်မြန်မာပြည် အစိုးရ ပုံနှိပ်စက်ရုံ ရှင်းလင်းဆောင်၌ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြန်ကြားရေးလုပ်ငန်းများကို ထက်မြက်သွက်လက်စွာ ဆောင်ရွက်ကြရန်နှင့် ကျောင်းသုံးဖတ်စာအုပ်များကို သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီအောင် ရိုက်နှိပ်ရေး ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံဝင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံလုံခြုံရေး၊ မီးဘေးကာကွယ်ရေး၊ အလေအလွင့်နည်းပါးရေး၊ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ပြီးပါက ပြင်ပပုဂ္ဂလိကအပ်နှံသော လုပ်ငန်းများ လက်ခံဆောင်ရွက်ရေးတို့အတွက် အသေးစိတ် ဆွေးနွေးမှာကြားခဲ့သည်။

## စိမ်းလန်းစိုပြည်ရေး

ဝန်ကြီးသည် ဒီဇင်ဘာ၁ရက် မွန်းလွဲ ၁နာရီတွင် ပဲခူးတိုင်း တောင်ငူမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ရုပ်မြင်သံကြား အစီအစဉ်များကို ပြတ်တောက်မှုမရှိစေဘဲ စဉ်ဆက်မပြတ်ထုတ်လွှင့်ရေး၊ စက်များ ရေရှည်အသုံးပြုနိုင်အောင် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ကြံ့ခိုင်ရေးပြုလုပ်ရေး၊စက်ရုံ၏လုံခြုံရေး၊ မီးအထူးဂရုပြုဆောင်ရွက်ရေး၊ မီးသတ်ကိရိယာများပြည့်စုံစွာထားရှိရေး၊ စက်ရုံဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရ လေကာပင်နှင့် သီးပင်စားပင်များ စိုက်ပျိုးရေးတို့ကို မှာကြားခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**အရှေ့ပိုင်းခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းစိန်နှင့် သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်သန်းဦး ဦးဆောင်သောအဖွဲ့ ဒီဇင်ဘာ ၄ရက်က သုဝဏ္ဏ မြန်မာ့သစ်လုပ်ငန်း အမှတ်(၄) ပရိဘောဂစက်ရုံသို့ သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။**

(က-ပ)



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကိုယ့်အားကိုယ်ကိုး နဝဒေးစာကြည့်တိုက်ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၆**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညောင်ပင်ကျေးရွာစု ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ဇုန် နဝဒေး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို နိုဝင်ဘာ၁၉ရက်က ဇုန်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးကောင်စီ အတွင်းရေးမှူး ဦးကျော်လွင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝေ၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သုတ၊ ရသစာအုပ်ပေါင်း ၂၈၀၇အုပ်ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



# အမျိုးသားနေ့အခမ်းအနားများ မြို့နယ်များနှင့်ကျောင်းများ၌ကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာဖတ်ကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို (၈၄)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ၂၀၀၄ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားတွင် ဖတ်ကြားစဉ်။** (သတင်းစဉ်)





ရန်ကုန် ဒီဇင်ဘာ ၆

**ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်နိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးဟူသော ဦးတည်ချက်များနှင့်အညီ (၈၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်အတွင်းရှိ မြို့နယ်များနှင့်အခြေခံပညာကျောင်းများ၌ကျင်းပပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားကြသည်။**

## ဒဂုံမြို့နယ်

ယင်းသို့ကျင်းပရာတွင် ၂၀၀၄ ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မြို့မ အမျိုးသား အမျိုးသမီးကျောင်း) မြို့မဖခင်ကြီး ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြို့မ ကျောင်းသားဟောင်းများအဖွဲ့နာယက ဗိုလ်ချုပ်ချစ်လှိုင်(ငြိမ်း)၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မ ကျောင်းသား ကျောင်းသူဟောင်းများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက **“ပြည်မြန်မာ”** သီချင်းဖြင့် သီဆိုကပြဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရွှေတံဆိပ်ဆုရှင်ကျောင်းသူ မအိန္ဒြေကျော်က ရွှေတံဆိပ်ဆုရှင်ကျောင်းသား စိန်မျက်ပြူးဆိုင်းအဖွဲ့နှင့် တွဲဖက် သီဆိုကပြဖျော်ဖြေသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို (၈၄)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖတ်ကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးသန်းအောင်၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့တို့က ဒဂုံမြို့နယ် အမှတ်(၂)နှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတို့မှ ထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဗိုလ်ချုပ် ချစ်လှိုင် (ငြိမ်း)နှင့်မြို့မကျောင်းသားဟောင်း ဦးညွန့်ဆွေတို့က လက်ခံကြသည်။

## လသာမြို့နယ်

အလားတူ ၂၀၀၄ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နံနက် ၉ နာရီတွင် လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြ ခန်းမဆောင်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက **“ပြည်မြန်မာ”** သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက ဖတ်ကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးသန်းအောင်နှင့်တာဝန်ရှိသူများကအမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသားကျောင်းသူများက “ဇာတိမာန်” သီချင်း သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ဗိုလ်တထောင်မြို့နယ်

ထို့အတူ ၂၀၀၄ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက **“ပြည်မြန်မာ”** သီချင်းဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးက ဖတ်ကြားသည်။

## ပန်းဘဲတန်းမြို့နယ်

အလားတူ ၂၀၀၄ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နံနက် ၉ နာရီတွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧကရီခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက **“ပြည်မြန်မာ”** သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက ဖတ်ကြားသည်။

## လမ်းမတော်မြို့နယ်

ထို့အတူ ၂၀၀၄ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက **“ပြည်မြန်မာ”** သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇာလီဘုန်းနိုင်က ဖတ်ကြားသည်။

## ဗဟန်းမြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် (၈၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းလှအောင်က ဖတ်ကြားသည်။

ထို့အတူ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ၂၀၀၄ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူလေးများက **“ပြည်မြန်မာ”** သီချင်းဖြင့် သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးက ဖတ်ကြားသည်။ ဆက်လက်၍ (၈၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်း အမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဒီဇင်ဘာ ၆ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၈၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို အထက(၂) ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဖတ်ကြားစဉ်။** (၁၈၀)

# တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲကို ဒီဇင်ဘာ ၇ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသောဘောလုံးကွင်းများ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ၏ (ကက)အုပ်စုမှ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့သည် တိုင်းစစ်ဌာနချုပ်အားကစားကွင်း(မင်္ဂလာဒုံမြို့နယ်)၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ယင်းအုပ်စုမှ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် အသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အသင်းတို့သည် စမ်းချောင်းမြို့နယ် ပဒုမ္မာဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားနေ့ ကြည့်မြင်တိုင်မြို့နယ်၌ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ကြည့်မြင်တိုင်မြို့နယ် (၈၄)ကြိမ်မြောက် အမျိုးသားနေ့ အခမ်းအနားနှင့် စာစီစာကုံး၊ ကဗျာဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အစီအစဉ်ကို အထက(၁) မြဝတ်ရည်ခန်းမတွင် ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

**(မြို့နယ် ပြန်/ဆက်)**



**အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်)က ကြီးမှူး၍ ဂန္ဓမာကုမ္ပဏီက ပံ့ပိုးကူညီသည့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် စတုတ္ထအကြိမ် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဂူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂ ရက်က အထက(၂)စမ်းချောင်း၌ကျင်းပရာ အမျိုးသမီး ၁၂နှစ်အထက် ချမ်းစုပြိုင်ပွဲ ပထမဆုရရှိသည့် မသန့်စုစန်(အထက-၂၊ စမ်းချောင်း) အား အမှတ်(၃) အခြေခံပညာဦးစီးဌာနဦးစီးအရာရှိ ဦးတင်လှက ဆုချီးမြှင့်စဉ်။** (က-ပ)

# ပညာဒီပ ကျေးရွာစာကြည့်တိုက်ဖွင့် မြိုင်မြို့နယ်တွင် စာကြည့်တိုက် ၅၂ ခု ဖွင့်လှစ်ပြီး

မြိုင် နိုဝင်ဘာ ၃၀

**မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ သရက်ကန် ကျေးရွာ ပညာဒီပ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၇ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်ခန်းမ၌ကျင်းပသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဖွင့်ပွဲအခမ်းအနားတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောမြင့်ခိုင်၊ ကျေးရွာဥက္ကဋ္ဌဦးမြအောင်နှင့်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းချိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍စာအုပ်များလှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက်(၃) ဦးကျော်မြင့်က စာအုပ် ၅၀နှင့်ရပ်မိရပ်ဖများကိုယ်စား ဦးစောကြိုင်က စာအုပ်၅၁၅အုပ်ကို လှူဒါန်းကြသည်။ မြိုင်မြို့နယ်အတွင်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၂ခု ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**





# အလောင်းဘုရားလမ်း ပလက်ဖောင်းပြုလုပ်မှု တမူးမြို့နယ် ဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တမူး နိုဝင်ဘာ ၃၀**

တမူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီး ဝင်းနိုင်သည် နိုဝင်ဘာ၁၄ရက်က တမူးမြို့တွင်ရှိ အလောင်းဘုရားလမ်း ဘေးဝဲယာတစ်လျှောက်၌ ကိုယ့်အားကိုယ်ကိုး ပလက်ဖောင်း ပြုလုပ်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်က အနီးကပ်ကြီးကြပ်လျက် အလောင်းဘုရား လမ်းဘေးဝဲယာတွင် ကိုယ့်အားကိုယ်ကိုး ပလက်ဖောင်းဆောင်ရွက်လျက်ရှိရာ ပေအရှည် ၁၃၀၀ လုပ်ငန်းဆောင်ရွက်ပြီးစီးပြီး ကျန်ပေအရှည် ၈၂၀၀ ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

# ကွင်းဆင်းကြီးကြပ်

**လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏လပွတ္တာမြို့ အထက(၂) ကျောင်းရှေ့လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၇ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာဦးကိုကိုတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)

**နိုဝင်ဘာ ၁၅ရက်က တောင်ငူမြို့ပန်းချီတံခါးလမ်း အရှည်ပေ၉၅၀နှင့် အကျယ်၁၂ပေကို ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းအား တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်မေမြတ်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)



**ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်**

# ကျေးရွာစာကြည့်တိုက်များမြိတ်ခရိုင်၌ဖွင့်

မြိတ် နိုဝင်ဘာ ၂၆

**မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြိတ်မြို့နယ် ပင်းအိုကျေးရွာ လမင်းတစ်ရာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် သဘွတ်ကျေးရွာ ကျေးရွာပညာပဒေသာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲများကို နိုဝင်ဘာ ၁၇ရက်က အဆိုပါစာကြည့်တိုက်များတွင် ကျင်းပသည်။**

ရှေ့ဦးစွာ ပင်းအိုကျေးရွာ လမင်းတစ်ရာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို နိုဝင်ဘာ ၁၇ ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးချစ်ဖွယ်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် စာအုပ်စာပေလေ့လာရန် ဟောပြောပြီးနောက် စာကြည့်တိုက်သို့ အလှူရှင်များက စာအုပ် ၁၀၀နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်က စာအုပ်၅၅ အုပ် လှူဒါန်းကြရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးချစ်ဖွယ်က လက်ခံရယူသည်။

**ဖွင့်လှစ်**

ထို့နောက် သဘွတ် ကျေးရွာ ကျေးရွာပညာပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ကျင်းပရာ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်၊ တွဲဖက်အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာညွန့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမျိုးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**(ခရိုင်ပြန်/ဆက်)**



# တိုက်ကြီးမြို့နယ် ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်

**တိုက်ကြီး ဒီဇင်ဘာ ၃**

တိုက်ကြီးမြို့နယ်အင်္ဂလားရပ်ကွက် ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက်က ရပ်ကွက်ရုံးဝင်းအတွင်းရှိ စာကြည့်တိုက်အဆောက်အအုံတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ အဖွဲ့ဝင်(၂) ဦးမြင့်စိုးနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးလှဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးကကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များကစာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ် ဥက္ကဋ္ဌက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

**ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပေ၃၇၂၀ အရှည်ရှိ ငါ့သရောက်-ဂျမ်းလှီးကျေးလက်ကျောက်ချောလမ်း ခင်းကျင်းမှု လုပ်ငန်းကို နိုဝင်ဘာ ၂၄ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(၃၀၀)



**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပပြီးစီး ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ပါဝင်ကစားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၄ရက် နံနက်၆နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ပါဝင်ကစားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဒီဇင်ဘာ၄ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ကျင်းပသည့် ၂၀၀၄ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



## ဖွင့်လှစ်ပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒီဇင်ဘာ ၄ ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ကျင်းပသည့် ၂၀၀၄ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲကို Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

**ခေါင်းကြီး၊ ဆောင်းပါး အညွှန်း**

❑ အထူးဒေသများမှ တိုင်းရင်းသားအဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သောမူဝါဒ သဘောထားကို သိမြင်နားလည် သဘောပေါက်ကြပြီး နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ။

ခေါင်းကြီး (စာ-၂)

❑ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာသည် မှေးမှိန်ကျဆင်းခြင်းမရှိဘဲ ဆက်လက်၍သာ တည်တံ့ခိုင်မြဲပြန့်ပွား ထွန်းကားနေခဲ့သည်မှာ သမိုင်းစဉ်တစ်လျှောက် မင်းနှင့်ပြည်သူ ကြည်ဖြူသဒ္ဓါနှင့် စတုပစ္စယ၊ ပစ္စည်းလေးပါး အထောက်အကူလှူဒါန်းမှု၏ အစဉ်အလာအတိုင်း အစိုးရနှင့်ပြည်သူတို့၏ ကြိုးပမ်းမှုကြောင့်ဖြစ်။

ဒေါက်တာခင်မောင်ညွှန့်၏ဆောင်းပါး (စာ-၃)

# နိုင်ငံတော်ဝန်ကြီးချုပ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးလုပ်ငန်းများစစ်ဆေး ဘိုးရင်းဂျက်လေယာဉ်များအသုံးပြုနိုင်သည့် နိုင်ငံတကာအဆင့်မီလေဆိပ်အဖြစ်တည်ဆောက် ဝန်ထမ်းများကျွမ်းကျင်မှုရှိစေရေး ကြိုတင်လေ့ကျင့်မှုများပြုလုပ်ထားရန်မှာကြား

**ရန်ကုန် ဒီဇင်ဘာ ၆**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ●

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို တွေ့ရစဉ်။ **(သတင်းစဉ်)**

